# မြတ်စွာဘုရားအကြောင်း

၇၁

၃၄၄၈

# မြတ်စွာဘုရားအကြောင်း

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ မိန့်ခွန်း

အမှောင်ခွင်း၌အလင်းဆောင်အံ့

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း

ပဌမနှိပ်ခြင်း ၁၉၅၇-ခု၊ ဇွန်လ အုပ်ရေ ၂၅,၀၀၀

စာပေဗိမာန်ပုံနှိပ်တိုက်
ခ၆၁-ပြည်လမ်း၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းမှုပိုင်

# မြတ်စွာဘုရားအကြောင်း

သဘာပတိနှင့် ကြွရောက်လာကြသော လူကြီးမင်းများ ခင်ဗျား။

ယနေ့ ဘုရားအကြောင်းကို ကျွန်တော် ပြောလိုပါတယ်။ ဘုရားအကြောင်းကို ပြောတဲ့အခါမှာ ပရိသတ်များ နားလည် လွယ်အောင် နောက်ခံကားကို အကျဉ်းချုံးပြီး ရှေးဦးစွာ ပြောပြဖို့ လိုလိမ့်မယ်လို့ ကျွန်တော် ယူဆပါတယ်။

## သတ္တဝါ အမျိုးမျိုး

ကျွန်တော်တို့ မျက်စိနဲ့ မြင်နိုင်တဲ့ လူနဲ့ တိရစ္ဆာန်တွေ အပြင် တလောကလုံးမှာ အခြားသတ္တဝါတွေ အများကြီး ရှိကြသေးတယ်။ တလောကလုံးမှာ ရှိတဲ့ သတ္တဝါတွေကို အမျိုးအစားအားဖြင့် ဖော်ပြရမယ်ဆိုယင် ၎င်းတို့ဟာ –

(၁) ဗြဟ္မာတွေ၊
(၂) နတ်တွေ၊
(၃) လူတွေ၊
(၄) တိရစ္ဆာန်တွေ၊
(၅) ပြိတ္တာတွေ၊
(၆) အသုရကာယ်တွေ၊
(၇) ငရဲသူ၊ ငရဲသားတွေ ဖြစ်ကြတယ်။

ဒီသတ္တဝါတွေဟာ သတ္တဝါ အသီးသီး ဖြစ်လာကြပြီး အချိန်ရောက်တဲ့အခါ သူတို့ဟာ သေကြရတယ်။ အဲဒီလို သေပြီးယင် သူတို့ဟာ ပျောက်ကွယ် သွားကြတာ မဟုတ်ဘူး။ ဗြဟ္မာတွေ သေပြီး

နတ်တွေ ဖြစ်ချင်လဲ ဖြစ်လာကြတာဘဲ။ လူတွေ ဖြစ်ချင်လဲ ဖြစ်လာကြတာဘဲ။ နတ်အဖြစ် လူအဖြစ်က သေတဲ့အခါမှာ သူတို့ဟာ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ၊ အသုရကာယ်တွေ၊ ငရဲသူငရဲသားတွေ ဖြစ်ချင်လဲဖြစ်လာကြတာဘဲ။အဲဒီလိုဘဲ နတ်တွေ၊ လူတွေ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ ငရဲသူငရဲသားတွေ သေကြပြန်ယင်လဲ သူတို့ လုပ်ခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်တွေအရ အခုပြောခဲ့တဲ့အတိုင်း ဗြဟ္မာတွေ၊ နတ်တွေ၊ လူတွေ၊ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ၊အသုရကာယ်တွေ၊ ငရဲသူ ငရဲသားတွေထဲက တခုခု ပြန်ပြီး ဖြစ်ရတာဘဲ။ ပြန်ပြီး မဖြစ်ဘဲ မနေနိုင်ဘူး။

အဲဒီလို ဗြဟ္မာတွေ၊ နတ်တွေ၊ လူတွေ၊ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ၊ အသုရကာယ်တွေ၊ ငရဲသူ ငရဲသားတွေ အဖန်တလဲလဲ ဖြစ်ပြီး၊ အဖန်တလဲလဲ အိုနေရတာတွေ၊ နာနေရတာတွေ၊ သေနေရတာတွေဟာ အင်မတန် ကြောက်စရာကောင်းတဲ့ ဆင်းရဲဒုက္ခတွေဘဲ ဖြစ်တယ်။

ဘုရားတဆူပွင့်တော်မူမှဘဲ ဒီဒုက္ခတွေက လွတ်မြောက်စေနိုင်တဲ့ တရားကို သတ္တဝါတွေ ကြားနာရပြီး အဲဒီ တရားအတိုင်း ကြိုးစားအားထုတ်တဲ့အတွက် ဗြဟ္မာတွေ၊ နတ်တွေ၊ လူတွေ အမြောက်အမြားဟာ သေပြီးယင် တဖန်ပြန်မဖြစ်တော့ဘဲ အဖန်တလဲလဲ အို၊ နာ၊ သေနေရတဲ့ ဆင်းရဲဒုက္ခတွေက လွတ်မြောက် သွားကြပါတယ်။ ဒီတရားဟာလဲ ဘုရားပရိနိဗ္ဗာန် စံဝင်တော်မူပြီးတဲ့နောက် အချိန် အတော်ကြာတဲ့အခါ ပျောက်ကွယ်သွားပါဘယ်။ နောက် ဘုရားတဆူ ပွင့်တော်မူမှဘဲ ပြန်ပြီး ပေါ်ပါတယ်။

အဲဒါကြောင့် သူတော်ကောင်းတွေဟာ ဒီသတ္တဝါတွေကို ဒီဆင်းရဲဒုက္ခတွေက လွတ်အောင် ကယ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုရားဖြစ်ဘို့ အဓိဋ္ဌာန် ပြုကြပါတယ်။ အဲဒီ အဓိဋ္ဌာန်ပြုရုံနဲ့ ဘုရား မဖြစ်နိုင်သေးပါဘူး။ ဒီလို အဓိဋ္ဌာန်ပြုပြီး ဘုရားဖြစ်အောင် ဘဝပေါင်း များစွာ

ကြိုးစားအားထုတ်ရပါသေးတယ်။ ဥပမာ – လူတွေ ရောဂါခံစားနေရတာကို သနားပြီး ကယ်တင်လိုတဲ့ ပုဂ္ဂိုလ်တဦးဟာ ဆရာဝန် လုပ်မယ်လို့ ရှေးဦးစွာ အဓိဋ္ဌာန် ပြုရလိမ့်မယ်။ ဒီလို အဓိဋ္ဌာန် ပြုရုံနဲ့ ဆရာဝန် မဖြစ်သေးဘူး၊ ဆရာဝန် ဖြစ်အောင် နှစ်ပေါင်း များစွာ ဆရာဝန်အတတ်ကို ဆည်းပူးရလိမ့်မယ်။

## ပါရမီ ၁၀ ပါး

ဘုရားဖြစ်အောင် ဘုရားဆုတောင်းတဲ့ လူတွေ လုပ်ရတဲ့ လုပ်ငန်းကြီးတွေဟာ ဆယ်ခု ရှိပါတယ်။ အဲဒီ လုပ်ငန်းကြီးတွေကို ပါဠိလို ပါရမီလို့ ခေါ်တယ်။ ပါရမီ ဆိုတာဟာ ဘုရားဖြစ်အောင် လုပ်ရတဲ့ လုပ်ငန်းဘဲ ဖြစ်ပါတယ်။ အဲဒီ လုပ်ငန်းကြီးတွေကတော့ –

(၁) မိမိရဲ့ ပစ္စည်းဥစ္စာ၊ သားသမီး၊ မယားမှ စပြီး မိမိအသက်အထိ ရက်ရက်ရောရော ပေးကမ်း စွန့်ကြဲခြင်း ဆိုတဲ့ **ဒါနပါရမီ**။

(၂) ကိုယ်နှုတ်ကို အမှားမလုပ်မိ၊ မပြောမိအောင် အထူးစောင့်ထိန်းခြင်း ဆိုတဲ့ **သီလပါရမီ**။

(၃) ကာမဂုဏ်တွေကို စွန့်လွှတ်ခြင်းဆိုတဲ့ **နိက္ခမပါရမီ**။

(၄) သတ္တဝါတွေ ချမ်းသာစေနိုင်တဲ့ ပညာရပ်များကို ဆည်းပူးပြီး သတ္တဝါတွေ ချမ်းသာအောင် ပြုလုပ်ပေးခြင်းဆိုတဲ့ **ပညာပါရမီ**။

(၅) သတ္တဝါတွေ ချမ်းသာရေး အတွက် အလွန်အမင်း အပြင်းအထန် ကြိုးစားအားထုတ်ခြင်းဆိုတဲ့ **ဝီရိယပါရမီ**။

(၆) နေရာတကာတိုင်းတွင် အထူးသည်းခံခြင်းဆိုတဲ့ **ခန္တီပါရမီ**။

(၇) အသက်ပင် သေရစေကာမူ ပမာနမပြုဘဲ၊ ပေးထားတဲ့ ကတိဘို့ကို တည်စေခြင်းဆိုတဲ့ **သစ္စာပါရမီ**။

(၈) ကိစ္စတခုကို ဆောင်ရွက်မည်ဟု အဓိဋ္ဌာန် ပြုပြီးသည့်အခါ အသက်သေရစေကာမူ ပခါနမထားဘဲ ဆောင်ရွက်ခြင်း ဆိုတဲ့ **အဓိဋ္ဌာန်ပါရမီ**။

(၉) အယုတ်၊ အလတ်၊ အမြတ်မရွေးဘဲ သတ္တဝါအားလုံးအပေါ်မှာ ချစ်ကြည်သောစိတ်ကို ထားရှိခြင်းဆိုတဲ့ **မေတ္တာပါရမီ**။

(၁၀) မိမိအလိုဆန္ဒ ပြည့်ဝသည့်အခါများ၌၎င်း၊ မပြည့်ဝသည့်အခါများ၌၎င်း၊ စိတ်တက်ကြွခြင်း၊ စိတ်နိမ့်ကျခြင်း မရှိရအောင် မိမိကိုယ်ကို မိမိ ထိန်းသိမ်း စောင့်ရှောက်ခြင်း ဆိုတဲ့ **ဥပေက္ခာပါရမီ**။

ဆိုတဲ့ ပါရမီဆယ်ပါးပင် ဖြစ်ပါတယ်။ ဒီလုပ်ငန်းကြီး ဆယ်ခုကို အယုတ်စား၊ အလတ်စား၊ အမြတ်စား ဆိုပြီး သုံးစား ခွဲထားပါတယ်။

အဲဒီ ၃ ခု စလုံးကို ရာခိုင်နှုန်းအပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ဘို့ဆိုတာဟာ မလွယ်ကူပါဘူး။ တဘဝထဲနဲ့ ပြည့်စုံအောင် မဆောင်ရွက်နိုင်ပါဘူး။ ဘဝပေါင်းတရာ၊တထောင် ဆောင်ရွက်လို့လဲ မပြည့်စုံနိုင်ပါဘူး။ မရေမတွက်နိုင်အောင် များပြားလှတဲ့ ဘဝပေါင်း များစွာ အားထုတ်မှဘဲ ဒီလုပ်ငန်းကြီး ဆယ်ခုကို ရာခိုင်နှုန်းအပြည့် အောင်မြင်နိုင်ပါတယ်။

## ဘုရားလောင်း မျောက်မင်း

ပါရမီဆယ်ပါးကို လွယ်လွယ်နဲ့ နားလည်အောင် ဘုရားအလောင်း မျောက်မင်း ဖြစ်စဉ်က အဖြစ်အပျက်တခုကို ပြောပြချင်တယ်။ ဒေဝဒတ်အလောင်း ဖြစ်တဲ့ ပုဏ္ဏားတယောက်ဟာ ပျောက်နေတဲ့ နွားကို လိုက်ရှာရင်း တောထဲ မျက်စိလည် လမ်းမှား ရောက်

သွားပြီး ချောက်ထဲ ကျသွားတယ်။ ချောက်ထဲ ကျနေတဲ့ ပုဏ္ဏားကို ဘုရားအလောင်း မျောက်မင်းဟာ တွေ့မြင်မိတယ်။

(၁) ဒီလို ပုဏ္ဏား သေဘေးဒုက္ခ ရောက်နေတာကို မြင်မြင်ချင်းဘဲ ဘုရားအလောင်း မျောက်မင်းရဲ့ စိတ်ထဲမှာ မိမိသားငယ် ချောက်ထဲ ကျနေတာကို တွေ့ရသလို သနားချစ်ခင်တဲ့ စိတ်တွေ၊ ချမ်းသာရာ ရစေလိုတဲ့ စိတ်တွေ ပေါ်လာတယ်။

(၂) အဲဒါနဲ့ ဘုရားအလောင်း မျောက်မင်းက ပုဏ္ဏားရဲ့ အသက်ကို မိမိအသက်ပင် စွန့်ပြီး ကယ်မယ်လို့ ကတိပေးတယ်။ ကတိအတိုင်းဘဲ ကယ်ဆယ်လိုက်တယ်။ ဘယ်လို ကယ်လိုက်တယ်ဆိုတာကို ပြောပြပါမယ်။

(၃) ဘုရားအလောင်း မျောက်မင်းဟာ ပုဏ္ဏားကို ကတိပေးပြီးတဲ့နောက် ချောက်ထဲက ဘယ်လို အပေါ်ရောက်အောင် ကယ်ယူရပါ့မလဲလို့ နည်းလမ်းများကို စူးစမ်း ရှာဖွေတယ်။ ဒီလို စူးစမ်း ဆင်ခြင်တဲ့ အခါကျတော့ ပုဏ္ဏားကို ကုန်းပိုးပြီး ချောက်ထဲက အပေါ်ရောက်အောင် ခုန်တက်မှ ဖြစ်နိုင်မယ် ဆိုတဲ့ နည်းလမ်းကို ရတယ်။

(၄) ဒါပေမဲ့ ဒီလို ခုန်တက်ဘဲ့အခါမှာ အပေါ်မရောက်ဘဲ လိမ့်ကျသွားယင် ပုဏ္ဏားဟာ သေသွားစရာ အကြောင်းရှိတယ်။ ဒါကြောင့် စမ်းခုန်ကြည့်ဦးမှဘဲဆိုပြီး ပုဏ္ဏားရဲ့ အလေးချိန်လောက်ရှိတဲ့ ကျောက်တုံးကြီး တတုံးကို ပိုက်ပြီး အကြိမ်ကြိမ် ခုန်တက်ကြည့်တယ်။ ဒီလို ကြိုးစား ပမ်းစား စမ်းသပ်ကြည့်လို့ စိတ်ချရမှ ပုဏ္ဏားကို ကုန်းပိုးပြီး ခုန်တက်လိုက်တာ အပေါ်ရောက်သွားတယ်။

(၅) ဒီလို ပုဏ္ဏားကို ကယ်ဆယ်တဲ့ နေရာမှာ ဘုရားအလောင်း မျောက်မင်းဟာ သူသေသွားနိုင်တယ် ဆိုတာကို သိပေမဲ့ သူ့အသက်ကို စွန့်ပြီး ပုဏ္ဏားအသက်ကို ကယ်ခြင်းဖြစ်တယ်။

(၆) ပုဏ္ဏားကို အသက်စွန့်ကယ်လိုက်ပြီးတော့ ဘုရားအလောင်း

မျောက်မင်းဟာ အလွန် မောပန်းတာနဲ့ ပုဏ္ဏားရဲ့ ပေါင်ပေါ်မှာ ခဏ အိပ်နေတယ်။ အဲဒီအခါမှာ ပုဏ္ဏားက မျောက်သားစားဘို့ အိမ်ယူသွားမယ်ဆိုတဲ့အကြံနဲ့ မျောက်မင်းရဲ့ ခေါင်းကို ကျောက်ခဲနဲ့ ထုတယ်။ မျောက်မင်းဟာ ဦးခေါင်းမှာ ဒဏ်ရာ အကြီးအကျယ် ရပြီး၊ သစ်ပင်ပေါ် တက်ပြေးရတယ်။ ဒီလို သူ့ခေါင်းကို ပုဏ္ဏားက ကျောက်ခဲနဲ့ ထုတဲ့အတွက် သူ့မှာ ဝေဒနာ အပြင်းအထန် ခံစားရပေမဲ့ ပုဏ္ဏားကို စိတ်မဆိုးဘူး။ သည်းခံလိုက်တယ်။

(၇) ပြီးတော့ ပုဏ္ဏားကို ကိုယ်အားဖြင့်လဲ ရန်မမူဘူး။နှုတ်အားဖြင့်လဲ ဆဲဆိုကြိမ်းမောင်းခြင်း မပြုဘူး။

(၈) ပုဏ္ဏားက ဒီလို မိမိကို သေကြောင်း ကြံစည်တာကို ဘုရားအလောင်း မျောက်မင်းကလဲ လျစ်လျူရှုထားလိုက်တယ်။

(၉) ဒါတင် မကသေးဘူး။ ဘုရားအလောင်း မျောက်မင်းဟာ သစ်ပင်တပင်မှ တပင် ကူးပြီး မိမိခေါင်းရဲ့ ဒဏ်ရာက ယိုစီးကျနေတဲ့ သွေးစက်ကြောင်းနဲ့ ပုဏ္ဏား တောထဲက ထွက်သွားနိုင်အောင် လမ်းပြလိုက်ရှာသေးတယ်။ ဆုံးခန်းတိုင်အောင် ကယ်ဆယ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက် အတိုင်း ဘုရားအလောင်း မျောက်မင်းက ကယ်လိုက်တာဘဲ။

(၁၀) ဒီလို ဘုရားအလောင်းဟာ ပုဏ္ဏားကို ကယ်ဆယ်လိုက်တာဟာ ဘာအကျိုးကိုမှ လိုလို့မဟုတ်ဘူး။ မိမိအတွက် အကျိုးခံစားရမှုတွေကို စွန့်လွှတ်ပြီး ကယ်ဆယ်ခြင်း ပြုခဲ့တာဘဲ။

အဲဒီဝတ္ထုမှာ—

(၁) အလောင်းတော် မျောက်မင်းဟာ အသက်စွန့်ပြီး ပုဏ္ဏားကို ကယ်တာဟာ **ဒါနပါရမီ** ဖြစ်တယ်။

(၂) ပုဏ္ဏားက မိမိရဲ့ ဦးခေါင်းကို ကျောက်ခဲနဲ့ ထုပေမဲ့ ပုဏ္ဏားကို ကိုယ်အားဖြင့်လဲ ရန်မမူ၊ နှုတ်အားဖြင့်လဲ ဆဲဆိုကြိမ်းမောင်းခြင်း

မလုပ်ဘဲ ကိုယ်နဲ့ နှုတ်ကို ထိန်းသိမ်း စောင့်ရှောက်တာ **သီလပါရမီ** ဖြစ်တယ်။

(၃) ပုဏ္ဏားကို ကယ်တဲ့အခါမှာ မိမိအတွက် ဘာအကျိုးကိုမျှ မမြော်လင့်ခြင်းဟာ **နိက္ခမပါရမီ** ဖြစ်တယ်။

(၄) ပုဏ္ဏားအား ချောက်ထဲမှ လွတ်မြောက်စေနိုင်တဲ့ နည်းလမ်းများကို စူးစမ်းရှာဖွေခြင်းဟာ **ပညာပါရမီ** ဖြစ်တယ်။

(၅) ပုဏ္ဏားနဲ့ အလေးချိန်ချင်းဘူမျှတဲ့ ကျောက်တုံးကို ပိုက်ပြီး အကြိမ်ကြိမ်စမ်းသပ်နှင့်တက်ပြီး ကြိုးပမ်းမှုဟာ **ဝီရိယပါရမီ**ဖြစ်တယ်။

(၆) ဦးခေါင်းကို ကျောက်ခဲနဲ့ ထုလိုက်တဲ့အတွက် အရိုးကွဲလုမျှ ပြင်းထန်လှတဲ့ ဝေဒနာကြီးကို ခံစားရတဲ့တိုင်အောင် ပုဏ္ဏားအပေါ်မှာ ဒေါသမထွက်မိအောင် မိမိစိတ်ကို ချုပ်တည်းထားခြင်းဟာ **ခန္တီပါရမီ** ဖြစ်တယ်။

(၇) ပုဏ္ဏားရဲ့ အသက်ကို ကယ်မယ်လို့ ကတိပေးပြီးတဲ့နောက် မိမိရဲ့အသက်ကို ပဓာနမထားဘဲ ဒီကတိကို မဖျက်ခြင်းဟာ **သစ္စာပါရမီ** ဖြစ်တယ်။

(၈) ပုဏ္ဏားကို ဆုံးခန်းတိုင် ရောက်အောင် ကယ်မယ်လို့ ဆုံးဖြတ်ထားပြီးဘဲ့နောက် ပုဏ္ဏားက မိမိရဲ့ သေကြောင်းကို ကြံပေမဲ့ ဆုံးခန်းတိုင်အောင် မိမိရဲ့ မူလ ဆုံးဖြတ်ချက်အတိုင်း မပျက်မကွက် ဆောင်ရွက်ခြင်းဟာ **အဓိဋ္ဌာန်ပါရမီ** ဖြစ်တယ်။

(၉) ချောက်ထဲ ကျနေတဲ့ ပုဏ္ဏားကို မြင်တဲ့အခါ အလောင်းတော် မျောက်မင်းရဲ့ စိတ်ထဲမှာ မိမိသားငယ် ချောက်ထဲ ကျနေတာကို တွေ့ရသလို သနားချစ်ခင်တဲ့ စိတ်တွေ ပေါ်ပေါက်ခြင်းဟာ **မေတ္တာပါရမီ** ဖြစ်တယ်။

(၁၀) ပုဏ္ဏားက မိမိရဲ့ သေကြောင်းကို ကြံစည်ပေမဲ့ ဒီလို ကြံစည်တာကို လျစ်လျူရှုထားခြင်းဟာ **ဥပေက္ခာပါရမီ** ဖြစ်တယ်။

## ဘုရားဖြစ်ရန် အဓိဋ္ဌာန်

ဘုရားဖြစ်ဘို့ အဓိဋ္ဌာန် ပြုထားတဲ့ပုဂ္ဂိုလ် တဦးဟာ ဒီလုပ်ငန်းကြီး ဆယ်ခုစလုံးကိုသော်ငြင်း၊ တခုခုကိုသော်ငြင်း ကြိုးစား အားထုတ်ရ ပါတယ်။ သူ့ရဲ့ ကြိုးစား အားထုတ်မှုဟာ မည်မျှပင် သေးငယ်စေကာမူ အချည်းနှီး မဖြစ်ပါ။ ယခုဘဝမှာ အားထုတ်မှုဟာ မည်မျှပင် သေး ငယ်စေကာမူ နောက်ဘဝ အားထုတ်မှုရဲ့ အထောက်အပံ့ ဖြစ်စေပါ တယ်။

အဲဒီလို ကြိုးစား အားထုတ်ရင်း ဘဝပေါင်း များစွာ ကြာ တဲ့အခါ အဲဒီပုဂ္ဂိုလ်ရဲ့ ကြိုးစားမှုတွေဟာ ရာခိုင်နှုန်းအပြည့် အောင် မြင်ခြင်းသို့ ရောက်ပါတယ်။ အဲဒီလို ကြိုးစားမှုဟာ ရာခိုင်နှုန်းအပြည့် အောင်မြင်ခြင်းသို့ ရောက်တဲ့ အချိန်အခါမှာ ထိုပုဂ္ဂိုလ်ဟာ ဘုရား အဖြစ်သို့ ရောက်ပါတယ်။

ဘုရားဆိုတာ အခြားမဟုတ်ပါ။

(၁) အဖန်တလဲလဲ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်း ဆင်းရဲတွေက လွတ်မြောက်စေနိုင်တဲ့ တရားကို မည်သူကမှ သင်ကြားခြင်း မပြုရဘဲ မိမိကိုယ်တိုင် တခုမကျန် တွေ့ ရှိခြင်း။

(၂) ဤတရားအတိုင်း မိမိကိုယ်တိုင် ကြိုးစား အားထုတ်သဖြင့် စုတေပြီး နောက်တဖန် ပြန်မဖြစ်ရသော နောက်ဆုံးဘဝသို့ မိမိကိုယ်တိုင် ရောက်ရှိခြင်း။

(၃) မိမိတွေ့ရှိရသော တရားကို ဗြဟ္မာ၊ နတ်၊ လူဘို့အား နား လည်အောင် ဟောပြောပြသနိုင်ခြင်း။

(၄) ဤသို့ ဟောပြောပြသပြီးနောက် အဲဒီ တရားအတိုင်း ကျင့်ကြံ ကြိုးစား အားထုတ်စေသဖြင့် မိမိကဲ့သို့ပင် စုတေ

ပြီး နောက်ဘဝဖန် ပြန်မဖြစ်စေနိုင်ခြင်း ဟူသော ဂုဏ်အင်္ဂါ တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ပင် ဖြစ်ပါတယ်။

ဒီလို ပုဂ္ဂိုလ်မျိုးတွေဟာ လွန်ခဲ့ပြီးတဲ့ မရေမတွက်နိုင်သော ကမ္ဘာ တွေမှာ မရေမတွက်နိုင်အောင် ပွင့်တော်မူခဲ့ကြပြီးပါပြီ။ ကျွန်တော်တို့ ကမ္ဘာမှာလဲ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဆိုတဲ့ ဘုရား လေးဆူ ပွင့်တော်မူပြီးခဲ့ပါပြီ။ ယနေ့ ကျွန်တော်ဟောရမဲ့ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ဟာ ဂေါတမ မြတ်စွာဘုရားရဲ့ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ဘဲ ဖြစ်ပါတယ်။

## ဂေါတမမြတ်စွာဘုရားဖြစ်စဉ်

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂,၅၀၀ ကျော်လောက်က အိန္ဒိယနိုင်ငံ သက္က တိုင်း ကပိလဝတ်ပြည်ကြီးကို သုဒ္ဓေါဒနမင်းကြီး အုပ်စိုးခဲ့ပါတယ်။ ဒီမင်းကြီးရဲ့ မိဖုရားခေါင်ကြီးကတော့ မဟာမာယာ ဖြစ်ပါတယ်။ တနေ့သောအခါမှာ မယ်တော် မာယာဟာ အင်မတန် ထူးခြားတဲ့ အိပ်မက်ကြီးတခုကို မြင်မက်ပါတယ်။ ဒီအိပ်မက်ထဲမှာ စာတုမဟာ ရာဇ် နတ်မင်းကြီး လေးယောက်ဟာ မယ်တော်မာယာကို သလွန်ပေါ် မှာ တင်ပြီး ဟိမဝန္တာတောင်ရှိ အနောတတ်အိုင်ကြီးအနီး ငွေတောင် ကြီး အတွင်းမှာရှိတဲ့ ရွှေဗိမာန်ကြီးထဲကို ယူဆောင်သွားပါတယ်။ အဲဒီ ရွှေဗိမာန်ထဲမှာ မဟာမာယာ မိဖုရားကြီးဟာ အိပ်ပျော်နေစဉ် မြောက်အရပ်က ဆင်ဖြူတော်ဘစီးလာပြီး မိဖုရားကြီးကို လကျာရစ် လှည့်ပါတယ်။ အဲဒီလို လကျာရစ် လှည့်ပြီးတော့မှ မိဖုရားကြီးရဲ့ လကျာနံပါးကို ဖောက်ထွင်းပြီး မိဖုရားကြီးရဲ့ ကိုယ်တွင်းကို ဝင်သွား တယ်လို့ အိပ်မက် မက်ပါတယ်။ အဲဒီလို အိပ်မက် မက်ပြီး မကြာမီ မိဖုရားကြီးမှာ ပဋိသန္ဓေ တည်ရှိလာပါတယ်။ ဖွားမြင်ခါနီး အချိန် အခါမှာ မိဖုရားကြီးဟာ သူ့ရဲ့ ဇာတိဖြစ်တဲ့ ဒေဝဒဟပြည်ကို အလည်

သွားချင်တဲ့ဆန္ဒ အသွန်ပြင်းပြင်းပြပြ ဖြစ်လာပါတယ်။ မိဖုရားကြီးနဲ့ ခြွေရံ သင်းပင်းတို့ဟာ ကပိလဝတ်ပြည်နဲ့ ဒေဝဒဟပြည် အကြားမှာ ရှိတဲ့ လုမ္ဗိနီ အင်ကြင်းဥယျာဉ်ကို ရောက်တဲ့အခါ မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့် သောကြာနေ့မှာ သားတော်ဘွား ဖွားမြင်ခဲ့ပါတယ်။ ဒီသားတော်ကို သိဒ္ဓတ္ထလို့ အမည်ပေးပါတယ်။ ပါဠိလို သိဒ္ဓဆိုတာက တော့ ပြီးမြောက်ခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ အတ္ထ ဆိုတာကတော့ အကျိုးလို့ အဓိပ္ပါယ်ရပါတယ်။ ကိစ္စဟူသမျှကို ပြီးမြောက်စေနိုင်မဲ့ မင်းသားလို့ အဓိပ္ပါယ်ရပါတယ်။

သိဒ္ဓတ္ထ မင်းသားကလေးကို ဖွားမြင်ပြီးလို့ မျှားမကြာခင် သုဒ္ဓေါဒန မင်းကြီး အမြဲကိုးကွယ်သားတဲ့ ကာလဒေဝိလရသေ့ကြီးဟာ နန်း ဘော်ကို ရောက်လာပါတယ်။ ဒီရသေ့ကြီးဟာ ရှင်ဘုရင့်မှအစပြုပြီး တပြည်လုံး ရိုရိုသေသေ ဆည်းကပ် ကိုးကွယ်ရတဲ့အတွက် အင်မတန် တန်ခိုးကြီးမားတဲ့ ရသေ့ကြီး ဖြစ်ပါတယ်။ အဲဒီ ရသေ့ကြီးဟာ သိဒ္ဓတ္ထ မင်းသားကလေးကို မြင်တဲ့အခါမှာ မင်းသားကလေးရဲ့ အသွန်ခန့်ညား တင့်တယ် ကြည်ညိုဘွယ် ဖြစ်တဲ့ အသရေတော်ကြီးကို မြင်တာနဲ့ တပြိုင်နက် ရှိခိုးကော်ရော် ပူဇော်လိုတဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာပြီး မင်းသားကလေးကို ရှိခိုးလိုက်ပါတယ်။ အဲဒီအခါမှာ ရသေ့ကြီးကို ပြားပြားဝပ် ရှိခိုးကြရတဲ့ ရှင်ဘုရင် မိဖုရားနဲ့တကွ ပတ်ဝန်းကျင်မှာ ရှိကြတဲ့ နန်းတော်သူ နန်းတော်သား အားလုံးဟာ ထူးထူးခြားခြား အံ့အားသင့်သွားကြပါတယ်။ အဲဒီအခါမှာ သုဒ္ဓေါဒနဘုရင်ကြီးကိုယ် တိုင် သူ့ရဲ့ သားတော်ကလေး သိဒ္ဓတ္ထမင်းသားကို ရှိခိုးလိုက်ပါတယ်။

တနေ့သောအခါမှာ သုဒ္ဓေါဒန မင်းကြီးဟာ သူ့နိုင်ငံတွင်းမှာ ရှိတဲ့ လက္ခဏာဖတ် ပုဏ္ဏား ၁၀၈ ယောက်ကို နန်းတော်သို့ ပင့်ဖိတ် လိုက်ပါတယ်။ ဒီလက္ခဏာဖတ် ပုဏ္ဏားတွေဟာ မင်းသားကလေးကို ကြည့်ရှု စစ်ဆေးတဲ့အခါ သူတို့ တသက်တွင် တခါမျှ မမြင်ဘူးတဲ့ သူ

တပါးတို့နဲ့ မဘူ၊ အမူထူးခြားလက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာ တော်ငယ် ၈၀၊ စက်လက္ခဏာ ၁၀၈ ပါးနဲ့ ပြည့်စုံနေတာကို တွေ့ကြရ ပါတယ်။ အဲဒီအခါ ပုဏ္ဏားတော် ၁၀၈ ယောက်ထဲက အထူးတတ် ကျွမ်းတဲ့ ပုဏ္ဏားတော် ၈ ယောက်က မင်းသားကို နိမိတ် ဖတ်တယ်။ အဲဒီ ၈ ယောက်ထဲက ၇ ယောက်သော ပုဏ္ဏားတို့က 'ဤမင်းသားဟာ ဘုရားသော်လဲ ဖြစ်လိမ့်မယ်။ လေးကျွန်းလုံး အစိုးရတဲ့ စကြာမင်း သော်လဲ ဖြစ်လိမ့်မယ်'လို့ လက်နှစ်ချောင်း ထောင်ပြီး ဟောကိန်း နှစ်မျိုး ထုတ်ခဲ့ပါတယ်။ ကောဏ္ဍညအနွယ်ဖြစ်တဲ့ သုဒတ္တပုဏ္ဏားငယ်က တော့ လက်တချောင်းထဲထောင်ပြီး 'ဒီမင်းသားဟာ ဗုဒ္ဓဘုရားစင်စစ် ဖြစ်လိမ့်မယ်'လို့ ဟောကိန်းတခုထဲ ထုတ်ခဲ့ပါတယ်။

အဲဒီလို ဟောကိန်းတွေကို ကြားတဲ့အခါမှာ သုဒ္ဓေါဒန ဘုရင်ကြီး ဟာ သူ့သား ဘုရားဖြစ်သွားမှာ အလွန်စိုးရိမ်တယ်။ ဘုရင်ကြီးရဲ့ ဆန္ဒကတော့ သူ့သားကို ဘုရားမဖြစ်စေချင်ဘူး။ လေးကျွန်းလုံးကို အစိုးရတဲ့ စကြာမင်းသာ ဖြစ်စေချင်တယ်။ အဲဒီတော့ သူ့သား ဘုရားမဖြစ်ရအောင်ဆိုပြီး နည်းမျိုးစုံနဲ့ ကြိုးစားတော့တာပါဘဲ။

ကပိလဝတ် နေပြည်တော်ကြီးရဲ့ သုံးမိုင်အတွင်းမှာ သူ့သား တော်မြင်ယင် သံဝေဂရစေနိုင်တဲ့ သူအို၊ သူနာ၊ သူသေ၊ ရဟန်းများ မရှိရအောင် တင်းကြပ်တဲ့အစီအစဉ်တွေ ပြုလုပ်ထားပါတယ်။

ဒီလို အစီအစဉ်ဘွဲ့သာ မကသေးဘူး။ မင်းသား ပျော်ပါးဘို့ ကြာမျိုးငါးပါးနဲ့ ပြည့်စုံတဲ့ရေကန်ကြီးတွေ၊ အင်မတန်သာယာလှပတဲ့ ပန်းမျိုးစုံ၊ သစ်သီးမျိုးစုံတွေနဲ့ တန်ဆာဆင်ထားတဲ့ ဥယျာဉ်တော် တွေကိုလဲ စီမံပေးထားပါတယ်။

သိဒ္ဓတ္ထမင်းသားကလေး ၁၆ နှစ်သား ရောက်တဲ့အခါမှာ ဘေး တော်၊ ဘိုးတော် မင်းအဆက်ဆက်ဘို့ မစံစားခဲ့ဘူးတဲ့ ဘုံငါးဆင့် ရှိတဲ့ ရမ္မပြာသာဒ်၊ ဘုံ ၇ ဆင့်ရှိတဲ့ သုရမ္မပြာသာဒ်၊ ဘုံ ၉ ဆင့်ရှိတဲ့

သူဘပြာသာဒ်ဆိုဘဲ့ အင်မတန် ခန့်ညားပျော်မွေ့ဘွယ်ရာ ကောင်းတဲ့ နန်းပြာသာဒ်ကြီး ၃ ဆောင်ကို ဆောက်လုပ်ပေးထားပါတယ်။ ပျော်စရာ၊ ပါးစရာဘေ့ ဆိုပြန်ယင်လဲ လိုလေသေး မရှိအောင် သုဒ္ဓေါဒန ဘုရင်ကြီးက အားလုံး စီစဉ်ထားပါတယ်။ အဲဒီလို စီစဉ်ပြီးတော့ ဒေဝဒဟ ပြည့်ရှင် ဘုရင်မင်းမြတ်ရဲ့ သမီးတော် အသျှထိပ်ခေါင်တင် ယသောဓရာမင်းသမီးနဲ့ သားတော်ကို ထိမ်းမြားစေပြီး သူ့ရဲ့ နန်းစည်းစိမ်ကို သားတော်အား အပ်နှင်းလိုက်ပါတယ်။

ဒီအစီအစဉ်တွေကို လုပ်တာကတော့ တခြားကြောင့် မဟုတ်ပါဘူး။ သူ့ သားတော်ကလေးဟာ သံဝေဂ ရစရာတွေနဲ့ မတွေ့ရဘဲ ပျော်စရာ ပါးစရာတွေကိုသာ တွေ့နေရယင် တောထွက်ချင်တဲ့ ဆန္ဒဘေ့ ရှိတော့မှာ မဟုတ်တဲ့အဘွက် စကြာမင်း ဖြစ်လာနိုင်လိမ့်မယ်လို့ ယူဆတာကြောင့်ဘဲ ဖြစ်ပါဘယ်။

## သူအို

ဒါကြောင့် သိဒ္ဓတ္ထမင်းသားကလေးဟာ သက်ဘော် ၂၉ နှစ် တိုင်တိုင် အဲဒီလို လောကီ စည်းစိမ်တွေနဲ့ ဝိုင်းဝန်းခြံရံထားခြင်းကို ခံခဲ့ရပါတယ်။ သက်တော် ၂၉ နှစ်မြောက်ပြီး တနေ့သောအခါမှာ ဘုရင်သိဒ္ဓတ္ထဟာ ဥယျာဉ်တော်သို့ ထွက်ခဲ့သွားနေစဉ် လမ်းခရီးမှာ ဆံဖြူ၊ သွားကျိုး၊ အရေ တွန့်လိပ်ပြီး တရွေ့ရွေ့ သွားနေတဲ့ လူအိုကြီးတယောက်ကို ဗြုန်းကနဲတွေ့လိုက်ပါဘယ်။ ၂၉ နှစ်ဘိုင်တိုင် ဒီလိုလူအိုကို ဘုရင်သိဒ္ဓတ္ထဟာ တကြိမ်တခါမှ မမြင်ဘူးဘဲ့အဘွက် သူ့ရဲ့ရထားမှူးကို "သူများနဲ့အသွင်မတူ ရှေ့က တရွေ့ရွေ့ သွားနေတဲ့ လူဟာ ဘယ်သူလဲ" လို့ မေးလိုက်ပါတယ်။

"အရှင်မင်းမြတ်–ဤသူဟာ သူအိုဖြစ်ပါဘယ်ဘုရား" လို့ ရထားမှူးက ပြန်ပြီးဖြေပါတယ်။

အဲဒီအခါမှာ ဘုရင်သိဒ္ဓတ္ထက "ငါလဲ သူ့လို အိုရအုံးမှာလား"လို့ ထပ်ပြီး မေးမြန်းတယ်။

"အရှင်မင်းမြတ်– ဘုရင် မင်းမြတ်သာ မက တလောကလုံး သူ့လို အိုကြရပါလိမ့်မယ်ဘုရား"လို့ ရထားမှူးက ထပ်ပြီး ပြေလိုက်တယ်။

အဲဒီအခါ ဘုရင်သိဒ္ဓတ္ထဟာ အလွန် သံဝေဂရပြီး ဥယျာဉ်ကို မဝင်တော့ဘဲ နန်းတော်ကို ပြန်ကြွသွားပါတယ်။

## သူနာ

နောက်တကြိမ် ဥယျာဉ်ကစား သွားပြန်တော့ ရှေးအခါက မမြင်ဘူး၊ မကြားဘူးတဲ့ ကယ်ပါ၊ ယူပါ တစာစာအော်ပြီး အလူးအလဲ ခံနေရတဲ့ သူနာတယောက်ကို တွေ့ပြန်တယ်။အယင်ကအတိုင်း ရထားမှူးကိုမေးတော့ "ထိုလူမှာ သူနာဖြစ်ကြောင်း၊ ဘုရင်သိဒ္ဓတ္ထနှင့်တကွ တလောကလုံးမှာ ရှိကြတဲ့ သတ္တဝါတွေလဲ ဒီလိုဘဲ နာကြရအုံးမှာဘဲ" လို့ ပြန်လည်လျှောက်ထားတယ်။ အဲဒီအခါမှာလဲ ဘုရင် သိဒ္ဓတ္ထဟာ သံဝေဂရပြီး ဥယျာဉ်ကို ဆက်မသွားတော့ဘဲ နန်းတော်ကို ပြန်ကြွသွားပါတယ်။

## သူသေ

နောက်တကြိမ် ဥယျာဉ်သို့ ထွက်တော်မူတဲ့အခါမှာ သူသေ တယောက်ကို တွေ့ရပါတယ်။ အဲဒီအကြိမ်မှာလဲ ရထားမှူးကို မေးတဲ့အခါ မြင်ရသော အရာဝတ္ထုဟာ သူသေဖြစ်ကြောင်း ဘုရင်သိဒ္ဓတ္ထနဲ့ တကွ တလောကလုံးရှိ သတ္တဝါအားလုံးလဲ ဒီလိုဘဲ သေကြရမည့် အကြောင်းကို လျှောက်ထားတဲ့အခါမှာ ဘုရင်သိဒ္ဓတ္ထဟာ သံဝေဂ ရပြန်ပြီး ရှေ့ဆက်မသွားဘဲ နန်းတော်ကို ပြန်ကြွသွားပါတယ်။

# ရဟန်း

နောက်တကြိမ် ဥယျာဉ်သို့ သွားတဲ့အခါမှာ ရှေးက မမြင်ဘူး၊ မကြားဘူးတဲ့ ရဟန်းတပါးကို တွေ့ပါတယ်။ ယင်းက အတိုင်း ရထားမှူးကို မေးတဲ့အခါ ရထားမှူးက ဤပုဂ္ဂိုလ်မှာ ရဟန်းဖြစ်ကြောင်း၊ အိုရ၊ နာရ၊ သေရတဲ့ ဆင်းရဲဒုက္ခတွေက ကင်းလွတ်စေနိုင်တဲ့ တရားကို ရှာနေတဲ့ ပုဂ္ဂိုလ် ဖြစ်ကြောင်းကို လျှောက်ထားပါတယ်။ အဲဒီလျှောက်ထားသံကို ကြားတဲ့အခါ ဘုရင်သိဒ္ဓတ္ထဟာ ဒီလို မအိုရ၊ မနာရ၊ မသေရတဲ့ ဒုက္ခတွေက လွတ်ကင်းစေနိုင်တဲ့ တရားကို ရှာဘို့အတွက် တောထွက်မယ်လို့ စိတ်အကြံ ဖြစ်မိတယ်။ အဲဒီအကြံနဲ့ ဥယျာဉ်တော်ကို ဆက်လက်သွားပြီး ကျောက်ဖျာပေါ်မှာ ထိုင်နေတဲ့အခါ ယသောဓရာ မိဖုရားကြီးမှာ သားတော် ဖွားမြင်ကြောင်း သတင်းကြားရတယ်။ အဲဒီလို ကြားတဲ့အခါ တောမထွက်နိုင်အောင် ချုပ်နှောင်ထားမဲ့ အနှောင်အဖွဲ့ တခု တိုးလာပြန်ပြီလို့ မိန့်တော်မူပြီး ညနေချမ်း အချိန်အခါမှာ နန်းတော်သို့ ပြန်ကြွသွားပါတယ်။ အဲဒီညမှာဘဲ ဘုရင်သိဒ္ဓတ္ထဟာ နန်းစည်းစိမ်နှင့်တကွ အလွန်ချစ်မြတ်နိုးတဲ့ မိဖုရားကြီးနဲ့ သားတော်ကို စွန့်ပစ်ခဲ့ပြီး တောထွက်တော်မူပါတယ်။

ဘုရားလောင်းသိဒ္ဓတ္ထဟာ တောထဲကို ရောက်တာနဲ့ တပြိုင်နက် အိုရ၊ နာရ၊ သေရတဲ့ ဆင်းရဲဒုက္ခတွေက လွတ်မြောက် စေနိုင်တဲ့ တရားကို ရဘို့အတွက် အဲဒီအခါက တောထဲမှာ ရှိနေကြတဲ့ ဆရာကြီးတွေကို ချဉ်းကပ်ခဲ့ပါတယ်။ ပဌမချဉ်းကပ်တဲ့ ဆရာကြီးကတော့ အာဠာရ ရသေ့ကြီး ဖြစ်ပါတယ်။ ဒီရသေ့ကြီးရဲ့ နည်းလမ်းတွေဟာ အိုရ၊ နာရ၊ သေရတဲ့ ဆင်းရဲ ဒုက္ခတွေက လွတ်မြောက် စေနိုင်တဲ့ နည်းလမ်းတွေ မဟုတ်ဘူး ဆိုတာကို သိရတဲ့အခါမှာ ဘုရားလောင်းဟာ တခြား ဆရာတယောက်ကို ရှာပြန်ပါတယ်။

ဘုရားအလောင်း ဒုတိယအကြိမ် တွေ့ရတဲ့ ဆရာကြီးကတော့ ဥဒကရသေ့ကြီးဖြစ်ပါတယ်။ ဒီရသေ့ကြီးရဲ့ နည်းတွေဟာလဲ အိုရ၊ နာရ၊ သေရတဲ့ ဆင်းရဲ ဒုက္ခတွေက လွတ်မြောက် စေနိုင်တဲ့ နည်းတွေ မဟုတ်ဘူးဆိုတာကို သိရတဲ့အခါမှာ ဘုရားလောင်းဟာ ဒီရသေ့ကြီး ထံမှဖဲခွါပြီး ဥရုဝေလတောအုပ်သို့ ကြွသွားခဲ့ပါတယ်။ အဲဒီတောအုပ် ထဲမှာ ပုဂ္ဂိုလ် ၅ ဦးနဲ့ တွေ့ပါတယ်။ အဲဒီ ပုဂ္ဂိုလ် ၅ ဦးဟာ တခြား မဟုတ်ပါဘူး။ သိဒ္ဓတ္ထမင်းသားကို လက္ခဏာဖတ်စဉ်က 'သိဒ္ဓတ္ထမင်း သားဟာ ဘုရားကေန် ဖြစ်ရမယ်'လို့ လက်ညှိုးတချောင်းထဲ ထောင်ပြီး ဟောကိန်းထုတ်ခဲ့တဲ့ သုဒတ္တပုဏ္ဏားနဲ့ သူ့ရဲ့ မိတ်ဆွေ လေးဦးဘဲ ဖြစ် ပါတယ်။ ဒီပုဂ္ဂိုလ် ငါးဦးဟာ ဘုရားလောင်းသိဒ္ဓတ္ထ ဘုရားဖြစ်တဲ့အခါ ရှေးဦးစွာ တရားနာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တောထွက်လာကြတဲ့ ပုဂ္ဂိုလ်တွေဘဲ ဖြစ်ပါတယ်။

## ဥပမာ ၃ ခု

ဘုရားလောင်းဟာ ဥရုဝေလတောအုပ်ကို ရောက်တဲ့အခါ နောက် ထပ် ဆရာသစ်တွေကို မရှာတော့ဘဲ မိမိလိုချင်တဲ့ တရားတွေကို မိမိကိုယ်တိုင်ပင် ရှာဖွေတော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီလို ဆုံးဖြတ်တဲ့အခါ စိတ်ထဲမှာ ဥပမာ ၃ ခု ပေါ်လာတယ်။

၁။ သစ်သားတုံးတခုဟာ စိုလဲ စိုတယ်။ ရေလဲစိမ်ထားတယ် ဆိုယင် ဒီသစ်သားနဲ့ မီးပွတ်လို့ ဘယ်နည်းနဲ့မှ မရဘူး။ အဲဒီလိုဘဲ ရဟန်း ပုဏ္ဏားများဟာ ကိုယ်တိုင်လဲ ကာမဂုဏ် ခံစားနေတယ်။ ကာမဂုဏ်မှာလဲ စိတ်မပြတ်စဲဘူးဆိုယင် ကိုယ်ပင်ပန်းခံပြီး အားထုတ် သော်လဲ တရားထူးကို မရနိုင်ဘူး။

၂။ သစ်သားတုံး တခုဟာ ရေနဲ့တော့ ဝေးနေတယ်။ ဒါပေမဲ့ သစ်သားစို ဖြစ်နေတယ်ဆိုယင် ဒီသစ်သားတုံးနဲ့လဲ မီးပွတ်လို့ မရဘူး။

အဲဒီလိုဘဲ ရဟန်း ပုဏ္ဏားတွေဟာ ကိုယ်တိုင်တော့ ကာမဂုဏ် မခံစားဘူး။ ဒါပေမဲ့ ကာမဂုဏ်ပေါ်မှာ စိတ်မပြတ်စဲသေးဘူး ဆိုယင် ဒီရဟန်း ပုဏ္ဏားတွေဟာလဲ ကိုယ်ပင်ပန်းခံပြီး တရားအားထုတ်ပေမဲ့ တရားထူးကို မရနိုင်ဘူး။

၃။ သစ်သားတုံးတခုဟာ ခြောက်လဲ ခြောက်သွေ့နေတယ်။ ရေနဲ့လဲ ဝေးတယ်ဆိုယင် ဒီသစ်သားတုံးနဲ့ မီးပွတ်လို့ ရနိုင်တယ်။ အဲဒီလိုဘဲ ရဟန်း ပုဏ္ဏားတွေဟာ ကိုယ်တိုင်လဲ ကာမဂုဏ် မခံစားဘူး။ ကာမဂုဏ်ပေါ်မှာလဲ စိတ်ပြတ်စဲနေတယ်ဆိုယင် ဒီရဟန်းပုဏ္ဏားတွေဟာ တရားအားထုတ်ယင် တရားထူးကို ရနိုင်တယ်။

အဲဒီ ဥပမာ သုံးခုဟာ ဘုရားလောင်းရဲ့ စိတ်ထဲမှာ ပေါ်လာတယ်။

အဲဒီအတိုင်းဘဲ မိမိရှာနေတဲ့ တရားကို ရရန်အတွက် ဘုရားလောင်းဟာ တဆင့်ထက် တဆင့် တိုးပြီး ပြင်းပြင်းထန်ထန် တရားအားထုတ်ခဲ့ပါတယ်။

ပဋ္ဌမအဆင့် အနေနဲ့ ဘုရားအလောင်းဟာ အသက်အောင့်တဲ့နည်းနဲ့ တရားအားထုတ်ကြည့်တယ်။ အဲဒီလို အားထုတ်တဲ့အခါမှာ အင်မတန် ပြင်းပြတဲ့ ဝေဒနာကို ခံစားရတယ်။ အဲဒီ ပဋ္ဌမအဆင့်မှာတော့ ဘုရားအလောင်းဟာ ရွာကြီးရွာငယ်ဘေ့မှာ လှည့်လည် ဆွမ်းခံစားတုန်းဘဲ ရှိပါသေးတယ်။ အဲဒီလို ရက်ရှည်လများ ကျင့်သော်လဲ မိမိရှာဖွေနေတဲ့ တရားကို မတွေ့ခဲ့ပါ။ အဲဒီအခါမှာ အစာအာဟာရတွေကို တဖြည်းဖြည်း ဖြတ်သွားပြီး တရားဆက်လက် အားထုတ်လိုက်တာဟာ နောက်ဆုံးကျတော့ မိမိရဲ့ လက်တဆုန်းစာလောက် ရှိတဲ့ ပဲပြုတ်ရေကိုသာ သောက်ပြီး တရားအားထုတ်တဲ့အထိ ရောက်သွားတယ်။ အဲဒီလို ကျင့်ပေမဲ့လဲ မိမိရှာဖွေနေတဲ့ တရားကို မတွေ့ပါ။

ဒီလို အစာအာဟာရကို လျှော့ပြီး အပြင်းအထန် တရားအားထုတ်နေတဲ့အတွက် ဘုရားအလောင်းမှာ အသားအသွေးတွေ ခန်း

ခြောက်ပြီး အရိုးနဲ့အရေလောက်သာ ကျန်ပါတော့တယ်။ အဲဒီအခြေ
ကို ရောက်နေပေမဲ့လဲ ဘုရားအလောင်းဟာ စိတ်ပျက်ခြင်း မရှိဘဲ၊
မိမိရှာနေတဲ့ တရားကိုသာ တွေ့အောင် ဆက်လက်ပြီး အားထုတ်လျက်
ရှိပါတယ်။ တနေ့ကျတော့ အစာအာဟာရ အလွန်နည်းပါးတဲ့အတွက်
ဘျင်ကြီး ကျင်ငယ်ကို စွန့်ရန် အားထုတ်နေစဉ် မောပြီး မှောက်ရက်
လဲသွားပါတယ်။

အဲဒီလို ပြင်းပြင်း ထန်ထန် တရား အားထုတ်သော်လဲ ဘုရား
အလောင်းဟာ မိမိရှာနေတဲ့ တရားကို မတွေ့ပါ။

## သတိသာလျှင် ပဓာန

အဲဒီအခါမှာ ဒီလို မိမိကိုယ်ကို မိမိညှဉ်းပန်း နှိပ်စက်ပြီး ကျင့်
နေတဲ့ နည်းလမ်းဟာ မမှန်။ ဒီမမှန်တဲ့ နည်းလမ်းများဖြင့် ကျင့်နေ
သရွေ့ ကာလပတ်လုံး မိမိရှာဖွေနေတဲ့ တရားကို ဘယ်နည်းနှင့်မျှ
မတွေ့နိုင်။ အမှန်တရားကို တွေ့ရန်အတွက် အဆက်မပြတ် ဖြစ်ပေါ်
နေတဲ့ သတိသာလျှင် ပဓာန ဖြစ်တယ်ဆိုတဲ့ အသိဉာဏ်ဟာ ဘုရား
လောင်းစိတ်ထဲမှာ ဖြစ်ပေါ်လာတယ်။ အဲဒါကြောင့် ဘုရားလောင်း
ဟာ ရှေးကအတိုင်း ဆွမ်းခံစားပြီး သတိတရား အစဉ်မပြတ် ဖြစ်ပေါ်
နေရန်အတွက် ဆက်လက် ကြိုးစား အားထုတ်ခဲ့ပါတယ်။

အဲဒီအခါ ဘုရားလောင်း ဘုရားဖြစ်တဲ့အခါတွင် တရားဦးနာရန်
အတွက် ဘုရားလောင်းထံမှာ ချဉ်းကပ်နေကြတဲ့ ပုဂ္ဂိုလ် ငါးဦးဟာ
ဘုရားလောင်း အပေါ်မှာ အင်မတန် စိတ်ပျက်သွားကြပါတယ်။
အင်မတန် ပြင်းပြင်းထန်ထန် တရားအားထုတ်လို့မှ ဘုရား မဖြစ်နိုင်ဘဲ
အခုလို ဆွမ်းခံစားပြီး တရားအားထုတ်နေယင် ဘယ်မှာ ဘုရားဖြစ်နိုင်
ပါတော့မလဲ လို့ ယူဆကာ ဘုရားလောင်းကို စွန့်ခွါပြီး မိဂဒါဝုန်
တောကို ထွက်ခွါသွားကြပါတယ်။

## မဇ္ဈိမပဋိပဒါခေါ် အလယ်လမ်းမှန်

ဘုရားလောင်းဟာ ကျွန်တော့် ဟောပြောချက်ရဲ့ အစနားမှာ ကျွန်တော် ပြောခဲ့တဲ့ လုပ်ငန်းကြီး ဆယ်ခုကို လွန်ခဲ့တဲ့ဘဝပေါင်း များစွာမှာ ရာခိုင်နှုန်း အပြည့် အောင်မြင်စွာ ကြိုးစား အားထုတ်ခဲ့ ပြီးတဲ့အတွက် မျက်မှောက်ဘဝမှာ အလုံးစုံသော တရားတို့ကို သိတော်မူတဲ့ သဗ္ဗညုတဉာဏ်ကို ရဘို့ရန် အချိန် ရောက်နေပေတဲ့လဲ မိမိကိုယ် ကို မိမိညှဉ်းဆဲပြီး ကျင့်ရတဲ့ လမ်းမှားကြီးကို လိုက်နေမိတာကြောင့် သဗ္ဗညုတဉာဏ်ကို မရသေးခြင်း ဖြစ်တယ်။ ကိုယ့်ကိုယ်ကို ညှဉ်းဆဲပြီး ကျင့်တဲ့ လမ်းနဲ့ ကာမဂုဏ် ခံစားတဲ့ လမ်းမှား နှစ်ခုကြားမှာ ရှိတဲ့ မဇ္ဈိမပဋိပဒါလို့ခေါ်တဲ့ အလယ်လမ်းမှန်အတိုင်း ကြိုးစား အားထုတ် တာနဲ့ တပြိုင်နက် ဘဝပေါင်း များစွာက အားထုတ်ခဲ့တဲ့ ကုသိုလ်တွေ ကြောင့် အသင့်ဖြစ်နေတဲ့ သဗ္ဗညုတရွှေဉာဏ်တော်ကို မြတ်စွာဘုရား သခင်ဟာ အလွယ်ကလေးနှင့် ရဘို့ရှိနေပါတယ်။

အဲဒါကြောင့် မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် ဗုဒ္ဓဟူး နေ့မှာ ယခုမဟာဗောဓိစေတီတော်မြတ်ကြီး ရှိရာ၌ ပေါက်နေတဲ့ ဗောဓိညောင်ပင်ကြီးအောက်မှာ မဇ္ဈိမ ပဋိပဒါခေါ်တဲ့ အလယ်လမ်း မှန်အတိုင်း အာနာပါနခေါ် ထွက်သက်ဝင်သက် ကမ္မဋ္ဌာန်းကို စီးဖြန်း နေစဉ် ညဉ့်ဦးယာမ် အချိန်မှာ ပုဗ္ဗေနိဝါသ ဉာဏ်လို့ခေါ်တဲ့ အတိတ်ကို သိလိုက သိနိုင်တဲ့ ဉာဏ်ကို ရရှိပါတယ်။ သန်ခေါင်ယာမ် အချိန်မှာ ဒိဗ္ဗစက္ခုဉာဏ်လို့ ခေါ်တဲ့ အရာခပ်သိမ်းတို့ကို မြင်လိုက မြင်နိုင်တဲ့ ဉာဏ်ကို ရရှိခဲ့ပါတယ်။ ကဆုန်လပြည့်ကျော် တရက် ကြာသပတေး နေ့ အရုဏ်တက်အချိန်တွင် လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာ တွေကို အမြစ်ပါမကျန် သုတ်သင် ရှင်းလင်း ပစ်နိုင်တဲ့ အာသဝက္ခယ ဉာဏ်ကို ရပြီးသည့်တခဏ၌ အလုံးစုံသော တရားကို သိတတ်သော သဗ္ဗညုတဉာဏ်ကို ရပါတယ်။

မြတ်စွာဘုရားဟာ ဘုရားဖြစ်တဲ့ အချိန်က စပြီး ပရိနိဗ္ဗာန်ပြုတဲ့ အချိန်တိုင်အောင် ၄၅ နှစ်ပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေ အမြောက် အမြားကို အမြင်မှန်ရအောင် အများကြီး ဆုံးမခဲ့ ပါတယ်။

မြတ်စွာဘုရားသခင်ရဲ့ ဒီဆုံးမ စကားတွေကို အမျိုး အစားအား ဖြင့် ခွဲထုတ်လိုက်မယ်ဆိုယင် –

(၁) အသုဒ္ဒါနနဲ့ စပ်တဲ့ ဆုံးမစကား၊
(၂) သီလနဲ့ စပ်တဲ့ ဆုံးမစကား၊
(၃) နတ်ပြည်နဲ့ စပ်တဲ့ ဆုံးမစကား၊
(၄) ကာမဂုဏ်ရဲ့ အပြစ်တွေနဲ့ စပ်တဲ့ ဆုံးမစကား၊
(၅) ဘောထွက်ခြင်းရဲ့ အကျိုးနဲ့ စပ်တဲ့ ဆုံးမစကား၊
(၆) ဒုက္ခသစ္စာနဲ့ စပ်တဲ့ ဆုံးမစကား၊
(၇) သမုဒယသစ္စာနဲ့ စပ်တဲ့ ဆုံးမစကား၊
(၈) နိရောဓသစ္စာနဲ့ စပ်တဲ့ ဆုံးမစကား၊
(၉) မဂ္ဂသစ္စာနဲ့ စပ်တဲ့ ဆုံးမစကား ဆိုပြီး အမျိုးအစား ကိုးမျိုး ကိုးစား ရပါတယ်။

အဲဒီ ဆုံးမ စကားတွေနဲ့ မြတ်စွာဘုရားသခင်ဟာ သတ္တဝါတွေကို မိမိကိုယ်တိုင်လဲ ဆုံးမပါတယ်။ မိမိရဲ့ တပည့်သာဝကများ အားဖြင့် လဲ ဆုံးမစေပါတယ်။ တပည့်သာဝကတွေကို စေလွှတ်တဲ့အခါမှာလဲ ဘုရားရဲ့အဆုံးအမ စကားတွေဟာ ပျံ့နှံ့သထက် ပျံ့နှံ့အောင်၊ လူ သတ္တဝါတွေ အကျိုး ဖြစ်ထွန်းနိုင်သမျှ ဖြစ်ထွန်းအောင် ဆိုတဲ့ ရည် ရွယ်ချက်နဲ့ –

(၁) ရဟန်းတို့ – လူများစွာ အကျိုးစီးပွါးဖြစ်ထွန်းစေရန် ဒေသ စာရီ လှည့်လည်ကြလော့၊ ခရီးတကြောင်းထဲ နှစ်ပါးမသွား ကြနှင့် ဟူ၍ရင်း၊

(၂)ရဟန်းတို့ – တရားကို ဟောကြားကြလော့၊ မြတ်သော အကျင့်ကို ထင်ရှားစွာ ပြကြလော့ ဟူ၍ရင်း ဆုံးမတော်မူခဲ့ပါတယ်။

မြတ်စွာဘုရားသခင် ဆုံးမတော်မူတဲ့အတိုင်း တပည့်သာဝကများလဲ ဒေသစာရီ လှည့်လည်ကြပြီး ဘုရားရဲ့ ဆုံးမဟောကြားချက်များကို ဖြန့်ချီခဲ့ကြပါတယ်။သာသနာ ပြုခဲ့ကြပါတယ်။အဲဒီလို သာသနာ ပြုခဲ့တဲ့အတွက် သတ္တဝါတွေ အမြောက်အမြား အကျွတ်တရား ရကြပါတယ်။

မြတ်စွာဘုရား ကိုယ်တော်တိုင် ၄၅ ဝါ အတွင်း ချွတ်လို့ အကျွတ်တရား ရကြတဲ့ နတ်၊ ဗြဟ္မာ သတ္တဝါတွေဟာ မရေမတွက်နိုင်ပါဘူး။

ကျွန်တော်ရတဲ့ အချိန် အနည်းငယ်အတွင်းမှာ ဘုရားချွတ်လိုက်လို့ ကျွတ်သွားကြတဲ့ ပုဂ္ဂိုလ်အချို့ရဲ့ အကျွတ်တရား ရပုံကို ကျွန်တော် အကျဉ်းချုပ် ဖော်ပြချင်ပါတယ်။

## ပဉ္စဝဂ္ဂီငါးဦး

မြတ်စွာဘုရားနဲ့တွေ့ပြီး ရှေးဦးစွာ အကျွတ်တရား ရတဲ့ ပုဂ္ဂိုလ်တွေကတော့ တခြားမဟုတ်ပါဘူး။ ဘုရားအပေါ်မှာ စိတ်ပျက်ပြီး မိဂဒါဝုန်တောသို့ ထွက်သွားကြတဲ့ ပဉ္စဝဂ္ဂီလို့ခေါ်တဲ့ ပုဏ္ဏားငါးဦးဘဲ ဖြစ်ပါတယ်။ ဒီပုဏ္ဏားငါးဦးဟာ ဘုရား ကြွလာတာကို ခပ်ရှမ်းလှမ်းက မြင်တာနဲ့ တပြိုင်နက် ဂေါတမဟာ အကျင့်ပျက်ပြီ။ အဲဒါကြောင့် သူ့ကို ခရီးဦးကြို မလုပ်ကြနဲ့။ နေရာထိုင်ခင်း မပေးနဲ့။ သောက်ရေသုံးရေ မပေးနဲ့လို့ အချင်းချင်း တိုင်ပင်ထားကြပါတယ်။ ဒါပေမဲ့ ဘုရားဟာ သူတို့ရဲ့ အနားကို ရောက်လာတဲ့အခါ ဘုရားရဲ့ အင်မတန် တင့်တယ်တဲ့ အသရေတော်ကြီးကို ဖူးတွေ့ရပြီး သူတို့ တိုင်ပင် ထားတာတွေကို မေ့ကုန်ကြတယ်။ အဲဒီလို မေ့ကုန်တဲ့အတိုင်း

တချို့က မြတ်စွာဘုရားရဲ့ သပိတ်ကို လှမ်းယူကြတယ်။ တချို့က မြတ်စွာဘုရားကို ခရီးဦးကြို ပြုကြတယ်။ တချို့က နေရာထိုင်ခင်း ပေးကြတယ်။ တချို့က သောက်ရေ သုံးရေကို ကပ်ကြတယ်။ မြတ်စွာဘုရားဟာ ရှေးဦးစွာ မေ့မစကြာလို့ ခေါ်တဲ့ သစ္စာလေးပါး တရားကို ဟောတယ်။ အဲဒီအခါမှာ ပဉ္စဝဂ္ဂီငါးဦး စလုံးဟာ သောတာပန် ဖြစ်သွား ကြပါတယ်။ အနတ္တ လက္ခဏသုတ်ကို ဟောတဲ့အခါမှာ ရဟန္တာတွေ ဖြစ်ကုန်ကြပါတယ်။

အဲဒီဝါတွင်းမှာဘဲ ယသ သူဌေးသားနှင့်တကွ သူ့ရဲ့ မိတ်ဆွေ ၅၄ ဦးတို့လဲ မြတ်စွာဘုရား၏အဆုံးအမအတိုင်း တရားအားထုတ်ကြသဖြင့် ရဟန္တာဖြစ်သွားကြတယ်။ အဲဒီ ရဟန္တာ အပါး ၆၀ ကို သာသနာ ပြုရန် အရပ်ရပ်သို့ စေလွှတ်ပြီးတဲ့နောက် မြတ်စွာဘုရားဟာ မိဂဒါဝုန် တောမှ ဉရုဝေလတောသို့ ကြွသွားပါတယ်။

လမ်းခရီးအကြားမှာ တောအုပ်တခုရဲ့ သစ်ပင်တပင်အောက်မှာ သီတင်းသုံးနေတော်မူစဉ် သုံးကျိပ်ရှိတဲ့ ဘဒ္ဒဝဂ္ဂီ မင်းသားတို့ဟာ ဘုရားကို တွေ့ကြပါတယ်။ ဒီမင်းသားတွေဟာ ကောသလမင်းကြီးရဲ့ သားတွေ ဖြစ်ပါတယ်။ ဒီမင်းသားတွေဟာ တောထဲမှာ စိတ်ရှိတိုင်း ပျော်ပါးဘို့ သူတို့ရဲ့ မယားများကို မြတ်စွာဘုရား သီတင်းသုံးနေတဲ့ တောအုပ်ထဲသို့ ခေါ်လာကြခြင်း ဖြစ်တယ်။ အဲဒီမင်းသား သုံးကျိပ် ထဲမှာ တပါးသော မင်းသားဟာ အိမ်ထောင် မကျသေးတဲ့အတွက် ပြည့်တန်ဆာမ တယောက်ကို ခေါ်လာခဲ့ပါတယ်။ အဲဒီမင်းသား အိပ်မောကျနေတုန်း ပြည့်တန်ဆာမဟာ မင်းသားရဲ့ အဖိုးတန် ရွှေငွေ ရတနာတွေကို ခိုးယူပြီး ထွက်ပြေးသွားတယ်။ မင်းသား အိပ်ရာက နိုးတဲ့အခါ ဒီအကြောင်းကို သိပြီး သူ့ရဲ့ ညီတော် နောင်တော်တွေကို တိုင်ကြားတယ်။ မင်းသား သုံးကျိပ်စလုံး ပြည့်တန်ဆာမကို တောနင်းပြီး ရှာနေတုန်း မြတ်စွာဘုရားကို သွားတွေ့ကြတယ်။

အဲဒီအခါ မင်းသားတွေက "ပြည့်တန်ဆာမ တယောက် ထွက်ပြေးတာ မတွေ့ဘူးလား" လို့ ဘုရားကို မေးကြတယ်။

အဲဒီလို မေးတဲ့အခါ မြတ်စွာဘုရားက "အသင်မင်းသားတို့ အဘယ်ကြောင့် ဒီမိန်းမကို ရှာနေကြသလဲ" လို့ ပြန်ပြီး မေးပါတယ်။

မင်းသားတွေကလဲအဖြစ်အပျက်အမှန်အတိုင်းဖြေကြားကြတယ်။

မင်းသားတွေက အဲဒီလို ဖြေကြားတဲ့အခါ မြတ်စွာဘုရားက "အသင်မင်းသားတို့ – မယားကို ရှာခြင်းဟာ မြတ်သလား။ သင်တို့ကိုယ်ကို ရှာခြင်းဟာ မြတ်သလား" လို့ ထပ်ဆင့် မေးတော်မူပါတယ်။

မင်းသားတို့ကလဲ "ကျွန်ုပ်တို့ ကိုယ်ကို ရှာခြင်းဟာ မြတ်တယ်ထင်တယ်" လို့ ပြန်ပြီး ဖြေကြားကြပါတယ်။

ထိုအခါ မြတ်စွာဘုရားဟာ ကာမဂုဏ်ဘို့၌ တပ်မက်ခြင်းကြောင့် ဖြစ်ပေါ်တတ်သော ဘေးဆိုးတို့ကို ဖော်ပြပြီး သစ္စာလေးပါးတရားကို ဟောကြားလိုက်ရာ မင်းသား သုံးကျိပ်ထဲက အချို့ဟာ သောတာပန်၊ အချို့ဟာ သကဒါဂါမ်၊ အချို့ဟာ အနာဂါမ် တည်ပြီး အားလုံး ရဟန်းပြုကြပါတယ်။

## ကဿပညီနောင် ၃ ဦး

ဒီရဟန်း သုံးကျိပ်တို့ကို ဒီတောအုပ်ထဲမှာ ထားခဲ့ပြီး ဘုရားသခင်ဟာ ဆက်လက်၍ ဒေသစာရီ ကြွချီတဲ့အခါ ဉရုဝေလ တောအုပ်သို့ ရောက်သွားပါတယ်။ အဲဒီ တောအုပ်အတွင်းမှာ ရှိတဲ့ မြစ်ရဲ့ မြစ်ကွေ့တခုစီမှာ ဉရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ ဆိုတဲ့ ရသေ့ညီနောင် သုံးဦးဟာ နောက်လိုက် တပည့်တွေနဲ့ ရသေ့ ဂိုဏ်းကြီးတွေကို ထောင်နေကြပါတယ်။ ဉရုဝေလ ကဿပဆိုတဲ့ အစ်ကို အကြီးဆုံးမှာ တပည့် ငါးရာ ရှိပါတယ်။ နဒီကဿပ ဆိုတဲ့ အစ်ကို အလတ်မှာ တပည့် သုံးရာ ရှိပါတယ်။ ဂယာကဿပ ဆိုတဲ့ ညီအငယ်ဆုံးမှာ တပည့် နှစ်ရာ

ရှိပါတယ်။ ဒီရသေ့တွေကလဲ လောဘ၊ ဒေါသ ဆိုတဲ့ ကိလေသာတွေ ကုန်ခန်းမှ ရဟန္တာဖြစ်မယ်ဆိုတဲ့ အချက်ကို ယုံကြည်ကြပါတယ်။ ဒါပေမဲ့ ကိလေသာ ကုန်ခန်းအောင် လုပ်တဲ့ နေရာမှာတော့ သူတို့ရဲ့ လုပ်နည်းတွေဟာ အင်မတန် မှားနေတယ်။ နေ့တိုင်း နေမထွက်မီ မြစ်ထဲဆင်းပြီး ရေစိမ်ခြင်း၊ ရေငုပ်ခြင်း ပြုလုပ်ကြပါတယ်။ ဆွမ်းစားချိန် ရောက်မှ မြစ်ထဲက တက်၍ ဆွမ်းစားကြတယ်။ ဆွမ်းစားပြီးတဲ့အခါ မီးပူဇော်ခြင်း၊ သူတို့ကိုယ်ကိုသူတို့ မီးကင်ခြင်း ပြုလုပ်ကြပြန်တယ်။ အဲဒီလို မီးကင်လို့ အတော်ပူလာတဲ့အခါကျတော့မှ ကိလေသာတွေကို ရေမှာ မျှောမယ်ဆိုပြီး မြစ်ထဲမှာ ရေဆင်း စိမ်ကြပြန်တယ်။ ညအိပ်ခါနီးမှသာ မြစ်ထဲက တက်လာကြတော့တယ်။ အဲဒီလို ရေငုပ် မီးလှူတဲ့ အလုပ်တွေကို လုပ်နေရယင် အင်မတန် ပင်ပန်းပြီး ကိလေသာ စိတ်တွေ မပေါ်ပေါက်နိုင်ဘူး ဆိုတဲ့ ယုံကြည်ချက်နဲ့ ဒီရသေ့တွေဟာ ဒီအလုပ်တွေကို နေ့စဉ် နေ့တိုင်း လုပ်နေကြခြင်း ဖြစ်တယ်။

## မြတ်စွာဘုရားနှင့် နဂါးကြီး

မြတ်စွာဘုရားသခင်ဟာ အစ်ကို အကြီးဆုံးဖြစ်တဲ့ ဥရုဝေလကဿပရသေ့ဆီကို ရှေးဦးစွာ သွားပြီး ရသေ့ရဲ့ ကျောင်းအနီးမှာရှိတဲ့ မီးတင်းကုပ်မှာ တည်းခိုခွင့် တောင်းတယ်။ မီးတင်းကုပ်ထဲမှာ အင်မတန် အဆိပ်ပြင်းတဲ့ နဂါးတကောင် ရှိတဲ့အတွက် ဒီအထဲမှာ မတည်းခိုဘို့ ရသေ့ကြီးက ပြောတယ်။ ထိုအခါ မြတ်စွာဘုရားက "ဒီနဂါးကို ငါမကြောက်။ အသင်က တည်းခိုခွင့်ပြုလျှင် ငါတည်းခိုလိုတယ်"လို့ ပြန်ပြောပြီး ရသေ့ကြီးရဲ့ ခွင့်ပြုချက်အရ မီးတင်းကုပ်ထဲမှာ မြတ်စွာဘုရား သီတင်းသုံးတော်မူတယ်။ နောက်တနေ့နံနက်သို့ ရောက်တဲ့အခါ မြတ်စွာဘုရားဟာ နဂါးပေါက်ခံရလို့ သေလေပြီ ဟူသော ယုံကြည်ချက်ဖြင့် ရသေ့ကြီးဟာ သူ့တပည့်တွေကို

ခေါ်ပြီး မီးတင်းကုပ်ကို လာကြတယ်။ မီးတင်းကုပ်ကို ရောက်တဲ့ အခါမှာ မြတ်စွာဘုရားဟာ နဂါးကို သပိတ်ထဲမှာ ထည့်ထားတာကို တွေ့တဲ့အတွက် ရသေ့တွေဟာ အင်မတန် အံ့အားသင့် သွားကြတယ်။ ဒါပေမဲ့ ရဟန်းကြီးဂေါတမဟာ တန်ခိုးကြီးတာ မှန်ပေတဲ့လဲ သူတို့ ကဲ့သို့ ရဟန္တာ မဖြစ်သေးဘူးလို့ ရသေ့တွေက ယူဆကြတယ်။ ရသေ့ ကြီး ဥရုဝေလ ကဿပလဲ ဘုရားတန်ခိုးတော်ကို မြင်ပြီး ချစ်ခင် ကြည်ညိုတဲ့ စိတ်တွေ ပေါ်ပေါက်လာဘဲ့အတွက် တခြားမသွားပါနဲ့။ သူတို့အနားမှာဘဲ နေပါလို့ မြတ်စွာဘုရားကို တောင်းပန်တယ်။ မြတ် စွာဘုရားလဲ ဥရုဝေလကဿပရဲ့ ကျောင်းတိုက်နားမှာရှိတဲ့ တောအုပ် ထဲမှာ သီတင်းသုံးတော်မူတယ်။ ညဉ့်ဦးယာမ် ရောက်တဲ့အခါ စာတု မဟာရာဇ် နတ်မင်းကြီးလေးပါးဟာ ဘုရားထံကို အဖူးအမျှော် ရောက် ကြတယ်။ ဒီကိုယ်ရောင် ကိုယ်ဝါတွေနဲ့ နတ်မင်းကြီး လေးပါးကို ရသေ့ကြီးမြင်တဲ့အခါ အတော်အံ့သြသွားတယ်။ ဒါပေမဲ့ ရဟန်းကြီး ဂေါတမဟာ တန်ခိုးကြီးသော်လဲ သူတို့လို ရဟန္တာ မဟုတ်သေးဘူး လို့သာ အကြံဖြစ်ပြန်တယ်။ နောက်တနေ့ညမှာ သိကြားမင်းဟာ ဘုရားထံသို့ အဖူးအမျှော် ရောက်လာတယ်။ အဲဒီသိကြားမင်းကိုလဲ ဥရုဝေလကဿပ ရသေ့ကြီး မြင်ရပြီး အင်မတန် အံ့သြသွားတယ်။ ဒါပေမဲ့ ရဟန်းကြီး ဂေါတမဟာ တန်ခိုးကြီးသော်လဲ သူတို့ကဲ့သို့ ရဟန္တာ မဟုတ်သေးဘူးလို့သာ ရသေ့ကြီး အကြံ ဖြစ်ပြန်တယ်။ နောက်တညမှာ ဗြဟ္မာမင်း ကြွလာတာကို မြင်ရတဲ့အခါ ဥရုဝေလ ကဿပ ရသေ့ကြီးဟာ ရှေးကလိုဘဲ အကြံဖြစ်ပြန်တယ်။

## ဥရုဝေလကဿပချွတ်ခန်း

တနေ့ကျတော့ အင်္ဂတိုင်း၊ မဂဓတိုင်းသူ တိုင်းသား အများ အပြားတို့ဟာ ဥရုဝေလကဿပနဲ့ သူ့ရသေ့တွေကို ပူဇော်လှူဒါန်းမဲ့

ဖြစ်တဲ့ အလှူပွဲကြီးတခုကို ဆင်ယင် ကျင်းပဘို့ အစီအစဉ်တွေ လုပ်နေကြပါတယ်။ အဲဒီအခါ ကဿပရသေ့က မနက်ဖြန် ငါ့တပည့်များဟာ ငါတို့ကို ပူဇော်ဘို့အတွက် ပွဲလမ်းသဘင် အကြီးအကျယ် ကျင်းပပြီး ငါတို့ကို ပစ္စည်းအမျိုးမျိုးနဲ့ လှူဒါန်းကြလိမ့်မယ်။ ရဟန်းကြီးဂေါတမဟာ အဆင်းလဲ လှတယ်။ တန်ခိုးလဲ ကြီးတယ်။ ငါ့တပည့်တွေ အလယ်မှာ တန်ခိုးတွေပြနေယင် ငါ့တပည့်တွေဟာ သူ့ကို ကြည်ညိုကုန်ကြလိမ့်မယ်။ အဲဒီအခါ ငါတို့အပေါ်မှာ အကြည်ညိုနည်းပြီး ငါတို့ကို လှူဒါန်းမှာ မဟုတ်တော့ဘူး။ အဲဒီတော့ မနက်ဖြန် ငါတို့ထံသို့ ရဟန်းကြီးဂေါတမ မလာပါမူကား ကောင်းမှာဘဲလို့ အကြံဖြစ်တယ်။

အဲဒီအကြံကို မြတ်စွာဘုရားသခင် သိတော်မူတဲ့အတွက် နောက်တနေ့တွင် ရသေ့များထံသို့ မသွားဘဲ အခြားနေရာသို့ ကြွသွားတော်မူတယ်။ နောက်တနေ့ ဥရုဝေလကဿပ ရသေ့ကြီးဟာ မြတ်စွာဘုရားနဲ့ တွေ့တဲ့အခါ "ရဟန်းကြီးဂေါတမ-မနေ့က ဒီအရပ်မှာ ပူဇော်ပွဲတွေ အကြီးအကျယ်ရှိတယ်။ အသင်ဘာဖြစ်လို့ မလာသလဲ။ လာမလားလို့ ငါတို့က အများကြီး မျှော်နေတယ်"လို့ ပြောပြတယ်။ အဲဒီအခါ မြတ်စွာဘုရားက "ရသေ့ကြီး- ငါမလာယင်ကောင်းလေစွလို့ သင့်မှာ အကြံဖြစ်တဲ့အတွက် ငါမလာခြင်း ဖြစ်တယ်"လို့ ပြောလိုက်တယ်။ အဲဒီအခါမှာလဲ ရဟန်းကြီးဂေါတမဟာ ငါ့အကြံကိုတောင် သိဘဲ့အတွက် တန်ခိုး ကြီးတာတော့ အမှန်ဘဲ။ ဒါပေမဲ့ ဒီရဟန်းကြီးဟာ ငါတို့လို ရဟန္တာမဟုတ်သေးဘူးလို့ ရသေ့ကြီး အကြံဖြစ်ပြန်တယ်။

တနေ့ကျတော့ မိုးကြီး သည်းထန်စွာ ရွာတဲ့အတွက် မြစ်ရေလွှမ်းသဖြင့် ရသေ့များ လှေနဲ့ သွားကြရပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားသခင်ဟာ ရေပြင်အလယ်မှာ ဖုံတထောင်းထောင်းနဲ့ စင်္ကြံ

သွားနေတယ်။ အဲဒီအခါမှာလဲ ဂေါတမရဟန်းကြီးဟာ တန်ခိုးကြီး တာဘော့ မှန်တယ်။ ဒါပေမဲ့ တို့လိုတော့ ရဟန္တာ မဟုတ်သေးဘူးလို့ ရသေ့ကြီးမှာ အကြံဖြစ်ပြန်တယ်။

ဘုရားသခင်ဟာ အဲဒီလို တန်ခိုး ပြာဋိဟာတော့ကို အကြိမ် ပေါင်းများစွာ ပြသဘဲ့ ကျွတ်ချိန် မရောက်သေးဘဲ့အတွက် ဥရုဝေလ ကဿပရသေ့ကြီးဟာ သူသာလျှင် ရဟန္တာဖြစ်ပြီး ရဟန်းကြီးဂေါတမ မှာမူကား တန်ခိုးသာကြီးဘယ်၊ သူဘို့ကဲ့သို့ ရဟန္တာ မဟုတ်သေး ဘူးလို့ သူ့ကိုယ်သူ မာနကြီးလျက် ရှိပါတယ်။ ဘုရားသခင်လဲ ရသေ့ ညီနောင်ဘို့နဲ့တကွ သူဘို့ရဲ တပည့်ပေါင်း တထောင် အကျွတ်တရား ရမှာကို မြင်ဘော်မူသဖြင့် သင့်ဘော်ဘဲ့ အချိန်အခါကို စောင့်ရင်း ရသေ့များအနီး၌သာ သီတင်းသုံးဘော်မူလျက်ရှိပါတယ်။

အဲဒါနဲ့ တနေ့ကျဘော့ ရသေ့ကြီးနဲ့ တပည့်သားများ ကျွတ်ချိန် ရောက်သာဘဲ့အဘွက် မြတ်စွာဘုရားက "ချစ်သား ကဿပ-သင်ဟာ သင့်ကိုယ်ကို ရဟန္တာလို့ ထင်နေတယ်။ အဲဒီ ထင်မြင်ယူဆချက်ဟာ မှားတယ်။ သင်ရဲ့ အကျင့်ဟာလဲ မှားနေတယ်။ ဒီလို ရေငုပ်၊ မီးလှူ လုပ်နေလို့ ဘယ်ဘော့မှ ကိလေသာကို သတ်နိုင်မှာ မဟုတ်ဘူး"လို့ မိန့်ဘော်မူပါဘယ်။ အဲဒီအခါမှ ရသေ့ကြီးဟာ သံဝေဂရပြီး ဘုရားရဲ့ တပည့် လုပ်ပါရစေလို့ ဘုရားထံမှာ ပန်ကြားတယ်။ မြတ်စွာဘုရား ကလဲ ပြုံးကနဲ လက်မခံသေးဘဲ "ချစ်သား ကဿပ- သင်ဟာ ရသေ့ ငါးရာရဲ့ ခေါင်းဆောင် ဖြစ်ဘယ်။ အဲဒီဘော့ ငါရဲ့ တပည့်ဖြစ်ချင်ယင် သင်ရဲ့ တပည့်ဘော့ ဖြစ်ဘဲ့ ရသေ့ငါးရာနဲ့ ရှေးဦးစွာ တိုင်ပင်ပါအုံး"လို့ မိန့်ဘော်မူဘယ်။ သူ့တပည့်များနဲ့ တိုင်ပင်တဲ့အခါ တပည့်အားလုံးရဲ့ သဘောဘူညီချက်အရ ကဿပရသေ့ကြီးနဲ့ တပည့်သား ငါးရာဘို့ဟာ သူဘို့ရဲ့ အကျင့်မှားတော့ကို စွန့်ပယ်ပြီး ဘုရားထံမှာ ရဟန်းပြုကြ တယ်။ ဒီလို ရဟန်းပြုပြီးဘဲ့နောက် ရသေ့အဖြစ်နဲ့ သူဘို့ အသုံးပြုခဲ့တဲ့

ပစ္စည်းတွေကို ဂင်္ဂါမြစ်ထဲမှာ မျှောလိုက်တယ်။ အောက် မြစ်ကွေ့မှာ နေတဲ့ နဒီကဿပဟာ အဲဒီပစ္စည်းတွေ ရေမှာ မျှောလာတာ မြင်တဲ့ အခါ သူ့နောင်တော်နဲ့ ရသေ့ငါးရာမှာ ဘေးအန္တရာယ် တခုခုဖြစ်ပြီလို့ ယူဆတယ်။ အဲဒီလို ယူဆတဲ့အတိုင်း လူလွှတ်ပြီး စုံစမ်းစေတဲ့အခါ အဖြစ်အပျက်အမှန်ကိုသိရတယ်။ အဲဒီအခါ နဒီကဿပဟာ သူ့ရသေ့ တွေကို ခေါ်ပြီး မြတ်စွာဘုရားထံမှာ ရဟန်းပြုကြပါတယ်။ အငယ်ဆုံး ရသေ့လဲ ဒီလိုဘဲ ဖြစ်တာဘဲ။ အဲဒီ ရဟန်းတထောင်ကို စုဝေးစေပြီး မြတ်စွာဘုရားသခင်ဟာ အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူရာ ရဟန်းတထောင်စလုံး ရဟန္တာ ဖြစ်ကုန်ကြတယ်။

## သစ္စကပရိဗိုဇ်

သစ္စကပရိဗိုဇ်နဲ့ ဘုရားသခင်တို့ တွေ့ကြပုံဟာ အလွန် စိတ်ဝင် စားစရာကောင်းပါတယ်။ သစ္စကပရိဗိုဇ်ဆိုတာ ဝေသာလီပြည် လိစ္ဆဝီ မင်းသားတို့ ကိုးကွယ်တဲ့ ဆရာကြီး ဖြစ်တယ်။ သူဟာ လောကီပညာ မှာ တဖက်ကမ်း တတ်မြောက်တဲ့ ပုဂ္ဂိုလ်ကြီး တဦး ဖြစ်တယ်။ ဘုရားသခင်ဟာ ဝေသာလီပြည်ကို ကြွလာပါတယ်။ အဲဒီအခါမှာ သစ္စက ပရိဗိုဇ်ဟာ ဘုရားနဲ့ ဝါဒချင်း ပြိုင်လိုတဲ့ အကြံဖြစ်ပါတယ်။ ဒါပေမဲ့ ဘုရားနဲ့ ဝါဒချင်း မပြိုင်ခင် ဘုရားရဲ့ ဝါဒဟာ ဘယ်လို ဝါဒ မျိုးလဲ ဆိုတာကို သိလိုတဲ့ဆန္ဒ ရှိနေပါတယ်။

တနေ့ကျတော့ ဘုရားသခင်ရဲ့ တပည့်ဖြစ်တဲ့ ရှင်အဿဇိမထေရ်နဲ့ သစ္စကပရိဗိုဇ်ကိုတွေ့ကြတယ်။အဲဒီအခါ သစ္စကပရိဗိုဇ်က "ရှင်ရဟန်း- သင်တို့ဆရာ ဂေါတမဟာ ဘယ်အယူဝါဒရှိသလဲ" လို့ မေးတယ်။ ရှင် အဿဇိက "ဒါယကာ- ဘုရားသခင်ရဲ့ဝါဒဟာ အနတ္တဝါဒဖြစ်တယ်" လို့ ဖြေတယ်။ အဲဒီတော့ သစ္စကပရိဗိုဇ်က ရှင်ကြီးဂေါတမရဲ့ ဝါဒဟာ အနတ္တဝါဒဆိုယင် ဂေါတမနဲ့ငါ ဝါဒချင်း ပြိုင်နိုင်ပြီလို့ အကြံဖြစ်တယ်။

အဲဒီအကြံအတိုင်း သူ့ရဲ့ တပည့်များ ဖြစ်တဲ့ လိစ္ဆဝီမင်းသား ငါးရာ ရှိရာကို သွားပြီး "အသင်မင်းသားတို့-ငါနဲ့လိုက်ခဲ့ကြ။ ငါဟာ ရှင်ကြီး ဂေါတမနဲ့ ဝါဒချင်း သွားပြိုင်မယ်။ အဲဒီ ဝါဒပြိုင်တဲ့အခါ ရှင်ကြီး ဂေါတမကို ငါမေးခွန်းတွေ အများကြီး မေးမယ်။ ငါမေးခွန်း မေးတဲ့ အခါမှာ အသက်ရှိတဲ့ သတ္တဝါတွေ မပြောနဲ့ အသက်မရှိတဲ့ တိုင်တောင် တုန်လှုပ်ရမယ်။ ငါ မေးခွန်းမေးလို့ရှိယင် ဘယ်သူမဆို ချွေးပြန် ရမယ်။ ငါဟာ ရှင်ကြီးဂေါတမကို မေးခွန်းတွေ မေးပြီး မုတ်ဆိတ်မွေး ရှိတဲ့ ဆိတ်ကို မုတ်ဆိတ်မွေး ကိုင်ပြီး ရမ်းသလို ငါရမ်း ပြမယ်။ အားကြီးတဲ့လူတယောက်ဟာ ရေကန်ထဲမှ ဖျာတချပ်ကို ဆေးတဲ့အခါ ဖျာရဲ့အစွန်းနှစ်ဖက်ကို ကိုင်ပြီး ဟိုဖက် ဒီဖက် ဆွဲငင် လှုပ်ရှားသလို ရဟန်းကြီးဂေါတမကိုလဲ မေးခွန်းတွေမေးပြီး လှုပ်ရှားပြမယ်။ အရက် သမား တယောက်ဟာ အရက်စစ်တဲ့ ဆန်ခါကို ရေဆေးတဲ့အခါ ဟိုဖက် ဒီဖက်ကိုင်ပြီး လှုပ်သလို ရှင်ကြီးဂေါတမကို ငါဟာ မေးခွန်းတွေ မေးပြီး ကိုင်လှုပ်ပြမယ်။ အားကောင်းတဲ့ မင်းစီးဆင်ကြီးဟာ ရေ ကစားတဲ့အခါ နှာမောင်းနဲ့ ရေကိုယူပြီး အပေါ် မြှောက်လိုက်၊ အောက် ချလိုက်၊ ဘေးရမ်းလိုက် လုပ်သလို ငါလဲ မေးခွန်းပေါင်းများစွာမေးပြီး ရှင်ကြီးဂေါတမကို ကစားပြမယ်။ ပွဲကောင်းတခုကို ကြည့်ရအောင် လိစ္ဆဝီမင်းသားတွေ ငါနဲ့ လိုက်ခဲ့ကြ" လို့ ပြောပြီး သစ္စကပရိဗိုဇ်ဟာ လိစ္ဆဝီမင်းသားတွေကို ဘုရားသခင်ထံသို့ ခေါ်သွားတယ်။

## ဘုရားနှင့် သစ္စကအမေးအဖြေ

ဘုရားသခင်လဲ သစ္စကပရိဗိုဇ်ဟာ လိစ္ဆဝီ မင်းသားတွေကို ခေါ်ပြီး ဝါဒပြိုင်ရအောင် လာနေတာကို သိတော်မူတဲ့အတွက် "သစ္စက ပရိဗိုဇ်ရောက်လာယင် ဥယျာဉ်ထဲကို လွှတ်လိုက်" ဟု တပည့်ရဟန်း များကို မှာကြားပြီး ဥယျာဉ်တွင်းရှိ သစ်ပင်ကြီး တပင်အောက်မှာ

သီတင်းသုံးတော်မူနေပါတယ်။ သစ္စက ပရိဗိုဇ်နဲ့ လိစ္ဆဝီမင်းသားတို့ ရောက်လာတဲ့ အခါ ရဟန်းများကလဲ ဘုရားထံသို့ ညွှန်လိုက်ပါတယ်။

ဘုရားနဲ့တွေ့တဲ့အခါ သစ္စကပရိဗိုဇ်က "ရှင်ကြီးဂေါတမ – သင်ရဲ့ ဝါဒဟာ ဘယ်ဝါဒလဲလို့" မေးမြန်းပါတယ်။

အဲဒီအခါ ဘုရားသခင်က သစ္စကပရိဗိုဇ် အလိုရှိတဲ့အဘိုင်း "ငါ့ ဝါဒဟာ အနတ္တဝါဒ ဖြစ်တယ်"လို့ ဖြေကြားလိုက်တယ်။

အဲဒီအခါ သစ္စက ပရိဗိုဇ်က"ရှင်ကြီးဂေါတမ – အကျွန်ုပ် စိတ်ထဲမှာ ဥပမာတခု ထင်လာတယ်။ ဘယ်လိုလဲဆိုတော့ သစ်ပင်တို့မည်သည် မြေကြီးကို အမှီပြုရမှသာ ရှင်နိုင်တယ်။ ကြီးထွားနိုင်တယ်။ အဲဒီလိုဘဲ ပုဂ္ဂိုလ်တဦးဟာ ရုပ်နာမ်ဆိုတဲ့ အထည်ကိုယ်ကို မှီပြီးတော့မှ ကုသိုလ် အကုသိုလ်ကို လုပ်နိုင်တယ်။ ဆောက်တည်စရာ အထည်ကိုယ် မရှိယင် ဘာမှ မဖြစ်နိုင်ဘူး"လို့ ဘုရားသခင်ကို လျှောက်ထားတယ်။

အဲဒီအခါ ဘုရားသခင်က "သစ္စက – ဒီလိုဆိုယင် မင်းရဲ့ဝါဒဟာ အတ္တဝါဒလား"လို့ မေးတော်မူလိုက်တယ်။

ဒီလိုမေးတဲ့အခါ သစ္စက ပရိဗိုဇ်က "ရှင်ကြီးဂေါတမ – ကျွန်ုပ်ရဲ့ ဝါဒဟာ အတ္တဝါဒဖြစ်တယ်။ ဟောဒီ ပရိသတ်ကြီးရဲ့ ဝါဒလဲ အတ္တဝါဒ ဖြစ်တယ်"လို့ ပြန်ဖြေတယ်။

ဒီအခါ မြတ်စွာဘုရားက"သစ္စက – သူများဝါဒကို မပြောနဲ့။မင်းနဲ့ ငါနဲ့သာ စကားပြောနေတဲ့အတွက် မင့်ဝါဒကိုသာ ပြောပါ"လို့ အမိန့်ရှိတယ်။

သစ္စကပရိဗိုဇ်ကလဲ သူ့ဝါဒဟာ အတ္တဝါဒ ဖြစ်တယ် လို့ ဝန်ခံတယ်။

အဲဒီအခါ ဘုရားသခင်က "သစ္စက – မင့်ကို ငါမေးခွန်းတခု မေးမယ်။ မင်းဖြေချင်သလို ဖြေနိုင်တယ်။ ပသေနဒီကောသလမင်းနဲ့

အဇာဘသတ်မင်းဘို့လို အသက်ဦးဆံပိုင်တဲ့ မင်းတွေဟာ မိမိအစိုးရဘဲ့ နိုင်ငံအတွင်းမှာ တိုင်းသူပြည်သားတွေထဲက သတ်ထိုက်ဘဲ့သူကို သတ်နိုင်သလား။ တိုင်းပြည်မှ နှင်ထုတ်ထိုက်သူကို နှင်ထုတ်နိုင်သလား။ တရားစီရင်ရာ၌ အရှုံးပေးထိုက်သူကို အရှုံးပေးနိုင်သလား” လို့ မေးတော်မူတယ်။

အဲဒီအခါ သစ္စကပရိဗိုဇ်က“ ရှင်ကြီးဂေါတမ – သက်ဦးဆံပိုင် နိုင်ငံတွေမှာ မပြောထားနဲ့။ မင်းသားတွေ အလှည့်ကျ အုပ်စိုးနေကြတဲ့ ဒီဝေသာလီပြည်ဘို့၊ ကုသိနာရုံပြည်ဘို့မှာတောင် ဒီလိုလုပ်နိုင်ပါတယ်” လို့ ဖြေကြားတယ်။

အဲဒီအခါ ဘုရားသခင်က သစ္စကပရိဗိုဇ်ကို မေးခွန်းတွေ အများကြီး ထပ်မေးတယ်။ အဲဒီမေးခွန်းတွေရဲ့ သဘောကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

အတ္တဝါဒဟာ မှန်ခဲ့လို့ရှိယင် လူသတ္တဝါတွေဟာ ဘယ်သူမှ အိုမှာလဲ မဟုတ်ဘူး။ ဘယ်သူမှ နာမှာလဲ မဟုတ်ဘူး။ ဘယ်သူမှ သေမှာလဲ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုယင် သတ္တဝါတွေ မှန်သမျှ ဘယ်သူမှ မအိုချင်ကြဘူး။ မနာချင်ကြဘူး။ မသေချင်ကြဘူး။ အဲဒီလို မအိုချင်၊ မနာချင်၊ မသေချင်ပေမဲ့လဲ သတ္တဝါတွေဟာ အိုနေရတယ်။ နာနေရဘယ်။ သေနေရဘယ်။ အတ္တဝါဒဟာ မှန်ယင် အသက်ဦးဆံပိုင် ရှင်ဘုရင်တွေက သူတို့ပိုင်တဲ့ နိုင်ငံတွင်းမှာ သူတို့အလိုရှိသလို အုပ်ချုပ်နိုင်သလို လူသတ္တဝါတွေဟာလဲ သူတို့ရဲ့ရုပ်တွေဟာ ဒီလိုဖြစ်စေ၊ ဒီလိုမဖြစ်စေနဲ့၊ ဒီလို နုပျိုစေ၊ ဒီလို မအိုစေနဲ့၊ မနာစေနဲ့၊ မသေစေနဲ့လို့ သူတို့ရဲ့ ဆန္ဒရှိဘဲ့အတိုင်း လုပ်နိုင်ရလိမ့်မယ်။ ဒီလို လုပ်လို့ရရဲ့သလား။ မရဘူး။ အဲဒီလိုမရယင် အတ္တဝါဒဟာ မှန်နိုင်ပါအုံးမလား။ အစရှိဘဲ့ မေးခွန်းများပင် ဖြစ်ပါတယ်။

အဲဒီ မေးခွန်းများကို ဘုရားသခင်က မေးနေတဲ့အခါ မှာ သစ္စက

ပရိဗိုဇ်က ဘာမျှ ပြန်မဖြေနိုင်ဘဲ တကိုယ်လုံး ချွေးဒီးဒီးကျနေပြီး၊ နောက်ဆုံး၌ အနုတ္တာဝါဒ မှန်ကန်ကြောင်း ဝန်ခံရပါတယ်။ အဲဒီအခါ သစ္စကပရိဗိုဇ်က သူ့ရဲ့ တပည့်များ ဖြစ်ကြတဲ့ လိစ္ဆဝီမင်းသားတွေ ရှေ့မှာ ကြွားဝါလာတဲ့ စကားတွေကို ဘုရားသခင်က ပြန်ပြီး ဖော်ပြတဲ့ သဘောအချိုးနှင့် "သစ္စက–ငါ့ကိုချေးပြန်အောင်လုပ်သော့။ဆိတ်ကြီးရဲ့ မုတ်ဆိတ်ကို ကိုင်ပြီး ရမ်းသလို ငါ့ကိုရမ်းလော့။ ဖျာကို ရေအိုင်ထဲမှာ ဆေးတဲ့အခါ အစွန်းနှစ်ဖက်ကို ကိုင်ပြီး ဟိုဖက် ဒီဖက်ဆွဲသလို ငါ့ကိုဆွဲလော့။ အရက်သမားဟာ အရက်စစ်တဲ့ဆန်ခါကို ရေဆေးတဲ့အခါ ခွေ့ရမ်းသလို ငါ့ကို ခွေ့ရမ်းလော့။ ဆင်ပြောင်ကြီးဟာ ရေကစားတဲ့အခါ နှာမောင်းနဲ့ ရေကို စုတ်ယူပြီး အပေါ်မြှောက်လိုက်၊ အောက်ချလိုက်၊ ဘေးရမ်းလိုက်နဲ့ ရေကစားသလို ငါ့ကိုလဲ မင်းကစားလိုဘိုင်း ကစားလော့"လို့ အမိန့်ရှိပါတယ်။ သစ္စက ပရိဗိုဇ်လဲ ဘာမှ ပြန်မပြောနိုင်ဘဲ ဆိတ်ဆိတ်နေပါတယ်။

အဲဒီအခါ သစ္စကပရိဗိုဇ်ရဲ့ တပည့်များ ဖြစ်ကြတဲ့ လိစ္ဆဝီမင်းသားတွေက "ငါတို့ရဲ့ ဆရာကြီး သစ္စက ပရိဗိုဇ်ဟာ ဘုရားသခင်နဲ့ တွေ့ပြီးတဲ့နောက် ခြေတွေ လက်တွေ အချိုးခံထားရတဲ့ ကနန်းနဲ့ တူနေပြီ။ မလှုပ်နိုင်တော့ဘူး"လို့ ပြောပြီး ပြောင်လှောင်ကြပါတယ်။

## အင်္ဂုလိမာလချွတ်ခန်း

သစ္စကပရိဗိုဇ်အကြောင်းကိုပြောပြီးတော့ ဘုရားသခင်က အင်္ဂုလိမာလ ချွတ်ခန်းကို ကျွန်တော် ပြောပြချင်ပါတယ်။ အင်္ဂုလိမာလဟာ ကောသလမင်းကြီးရဲ့ ပရောဟိတ်ဖြစ်တဲ့ ဘဂ္ဂ ပုဏ္ဏားနဲ့ မန္တာနီ ပုဏ္ဏေးမတို့ရဲ့သား ဖြစ်တယ်။ အရွယ်ရောက်တဲ့အခါ တက္ကသိုလ်ဆရာကြီး တဦးထံမှာ ပညာသင်ကြားပါတယ်။ ကျောင်းထွက်တဲ့ အခါ တက္ကသိုလ်ဆရာကြီးက ညွှန်ကြားလိုက်တဲ့အတိုင်း ဒီဆရာကြီးကို လူ့

လက်ညှိုးတထောင်နဲ့ ပူဇော်ဘို့ လက်နက်အပြည့်အစုံနဲ့ မြို့ထဲက ထွက်ပြီး တောအုပ်တခုမှာ နေပါတယ်။ အနီးအနား လာသမျှလူတွေကို အတင်းလိုက်သတ်ပြီး လက်ညှိုးကို ဖြတ်ယူပါတယ်။ ရတဲ့လက်ညှိုးတွေကို ဟိုအရပ်၊ ဒီအရပ်မှာ ထားတော့ ကျီးငှက်တွေ ချီယူကြတဲ့အတွက် လက်ညှိုးပေါင်း တထောင် မပြည့်နိုင်ဘဲ ဖြစ်နေတယ်။ အဲဒါနဲ့ နောက်ထပ်ရတဲ့ လက်ညှိုးတွေကို ဟိုအရပ်၊ ဒီအရပ်မှာ စုပုံ မထားဘဲ ကြိုးနဲ့သီပြီး သူ့လည်ပင်းပေါ်မှာ ဆွဲထားတယ်။

အင်္ဂုလိမာလဟာ အခုလို လူတွေကို သတ်ဖြတ်နေတဲ့အတွက် ရှင်ဘုရင်ကိုယ်တိုင် ခေါင်းဆောင်ပြီး တပ်မတော်သားတွေနဲ့ လိုက်ဖမ်းဘို့ အစီအစဉ်တွေကိုလုပ်ရတယ်။ အဲဒီလို တပ်မတော်သားတွေနဲ့ လိုက်ပြီးဖမ်းယင် သူ့သား အင်္ဂုလိမာလ သေတော့မှာဘဲလို့ စိုးရိမ်ပြီး တခြားအရပ်ကို ထွက်ပြေးအောင်အကြောင်းကြားဘို့အတွက် အင်္ဂုလိမာလရဲ့အမေဟာ သူ့သားရှိရာတောထဲကို လိုက်လာတယ်။အင်္ဂုလိမာလလဲ လက်ညှိုးတထောင်ပြည့်ဘို့ တချောင်းသာလိုတဲ့အတွက် အဲဒီနေ့မှာ ဘယ်သူ့ကိုဘဲတွေ့တွေ့သတ်မယ်လို့ စိတ်နှလုံး ဒုံးဒုံးချထားတဲ့အတွက် အမေကို တွေ့ယင်လဲ အတင်းလိုက်သတ်မှာဘဲ။ ဒီလို အမေကို သတ်မိယင်တော့ဘယ်နည်းနှင့်မှဒီဘဝမှာအကျွတ်တရားရနိုင်တော့မှာ မဟုတ်ဘူး။ ဒါ့ကြောင့် လက်မလွန်မီ ဘုရားသခင်က ကြိုတင်ပြီးတော့ အင်္ဂုလိမာလဆီကို ကြွသွားတော်မူတယ်။ လမ်းခရီးမှာ တွေ့ကြတဲ့ နွားကျောင်းသားတွေ၊ ဆိတ်ကျောင်းသားတွေ၊ လယ်သမားတွေ၊ ခရီးသည်တွေက "ရဟန်းကြီး – ဒီလမ်းကိုမသွားပါနဲ့။ ဒီလမ်းမှာ အင်္ဂုလိမာလဆိုတဲ့ အင်မတန်ရက်စက်တဲ့ လူဆိုးကြီးတယောက် ရှိပါတယ်။ ဒီလူဆိုးကြီးဟာ တွေ့ရာလူတွေကို အတင်းလိုက်သတ်နေပါတယ်။ လူတွေ လေးငါးဆယ် စုပြီး သွားတာတောင် မခုခံနိုင်ပါဘူး။ အဲဒါကြောင့် ဒီလမ်းကို ရဟန်းကြီး မသွားပါနဲ့" လို့ တားမြစ်ကြ

ပါတယ်။ ဒါပေမဲ့ မြဘ်စွာဘုရားက အင်္ဂုလိမာလ အကျွတ်တရား ရမှာကို မြင်တဲ့အတွက် ကြွမြဲဘဲ ကြွသွားတယ်။

အင်္ဂုလိမာလက မြဘ်စွာဘုရားကို အဝေးကနေ မြင်တဲ့အခါမှာ "ဒီလမ်းကို လူလေးငါးဆယ်စုပြီး လာဘာဘောင် ငါ့လက်ဘွင်းက မလွှတ်ကြဘူး။ ဒီရဟန်းကြီးတပါးတည်း မကြောက်မရွံ့ဘဲ ရဲရဲတင်း တင်း လာနေတာဟာ သိပ်အံ့သြစရာ ကောင်းတာဘဲ။ ဒီရဟန်းကြီး ကို ငါသတ်မယ်"လို့ ကြံပြီးတော့ ဘုရားသခင်ကို သတ်ရအောင် လိုက် တယ်။ ဘုရားသခင်ဟာ ခပ်မှန်မှန် စကြံကြွနေပေတဲ့လဲ တန်ခိုး ဘော်ကြောင့် အင်္ဂုလိမာလဟာ ဘုရားသခင်ကို မှီအောင် မလိုက် နိုင်ဘူး။ မြေကြီးဟာ ပကတိအားဖြင့် ညီနေသော်လဲ အင်္ဂုလိမာလ စိတ်ထဲမှာ တောင်တွေ၊ ချိုင့်တွေကို ဖြတ်ပြီး ပြေးနေရသလို ထင် နေတယ်။ အဲဒီတော့ အင်မတန် မောပန်းလာတာနဲ့ အင်္ဂုလိမာလ ဟာ"ရဟန်းကြီး–ရပ်အုံး"လို့ ဘုရားသခင်ကို အော်ပြောလိုက်ဘယ်။ ဘုရားသခင်က "အင်္ဂုလိမာလ ငါရပ်နေတယ်။ ချစ်သားသာလျှင် ပြေးနေတယ်"လို့ ပြန်ပြောဘယ်။ အဲဒီအခါ အင်္ဂုလိမာလက "ရဟန်း ကြီး–သင်ဘာဖြစ်လို့ ရဟန်းဖြစ်ပါလျက် မုသားပြောရသလဲ။ သင် ဟာ ရပ်မနေဘူး၊ ပြေးနေတယ်"လို့ ထပ်ပြီးပြောတယ်။

အဲဒီအခါမှာ ဘုရားသခင်က "ချစ်သား အင်္ဂုလိမာလ–ငါဟာ သံသရာကြီးထဲမှာ နောက်တဖန်ထပ်ပြီး ကျင်လည်ဘို့ အကြောင်း မရှိတော့ဘူး။ ငါဟာ နောက်ဆုံးဘဝကို ရောက်နေပြီ။ အဲဒါ ကြောင့် ငါရပ်နေတယ်လို့ ဆိုခြင်းဖြစ်တယ်။ ချစ်သားမှာတော့ နောက်ဆုံးဘဝကို မရောက်သေးတဲ့အဘွက် သံသရာကြီးထဲမှာ ရှောက်ပြီး ပြေးနေရတယ်လို့ ငါဆိုခြင်းဖြစ်တယ်"လို့ ပြန်ပြောလိုက် တယ်။

အဲဒီအခါ အင်္ဂုလိမာလဟာ လက်ထဲကဓားကို လွှတ်ချပြီး ဘုရား

သခင်ကို ရှိခိုးရင်း တပည့်အဖြစ်နဲ့လက်ခံဖို့ ဘုရားသခင်ကို တောင်းပန်တယ်။ ဘုရားသခင်လဲ အင်္ဂုလိမာလကို ဇေတဝန်ကျောင်းတော်သို့ ခေါ်သွားပြီး ရဟန်းပြုပေးတယ်။ အင်္ဂုလိမာလလဲ ဘုရားသခင် ဆုံးမတဲ့အတိုင်း တရားများ အားထုတ်ရာ ရဟန္တာ ဖြစ်သွားပါတယ်။

## နာဠာဂိရိဆင်

အင်္ဂုလိမာလ အကြောင်းကို ပြောပြီးတော့ နာဠာဂိရိဆင်ကို ယဉ်ကျေးအောင် မြတ်စွာဘုရားသခင် ဆုံးမတော်မူတဲ့ အခန်းကို ပြောပြလိုပါတယ်။ နာဠာဂိရိဆင်ဟာ ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းကြီးရဲ့ ဆင်တော်ဖြစ်တယ်။ အဇာတသတ်ရဲ့ ဆရာ ဒေဝဒတ်က အကြံပေးတဲ့အတိုင်း တနေ့သောနံနက်မှာ ရာဇဂြိုဟ်ပြည်တွင်းသို့ ဘုရားသခင် ဆွမ်းခံ ဝင်လာတဲ့ အခါမှာ နာဠာဂိရိဆင်ကို အရက်မူးအောင် တိုက်ပြီး၊ ဘုရားသခင်ကို နင်းသတ်ဖို့ လွှတ်လိုက်ပါတယ်။ ဘုရားသခင်ရဲ့ တပည့် သံဃာတော် တွေကလဲ ဒီအကြောင်းကို သိတဲ့အတွက် နာဠာဂိရိဆင် ရှိတဲ့လမ်းက ဆွမ်းခံမကြွဘဲ တခြားလမ်းက ဆွမ်းခံကြွဖို့ ဘုရားသခင်ကို လျှောက်ကြပါတယ်။

ဘုရားသခင်က၊ "ချစ်သားတို့--မကြောက်ကြနဲ့။ နာဠာဂိရိဆင်ကြီးကို ယဉ်ကျေးအောင် ငါဆုံးမမယ်" လို့ မိန့်တော်မူတယ်။ အရက်မူးနေတဲ့ နာဠာဂိရိ ဆင်ကြီးလဲ ဘုရားကို နင်းသတ်ရန် အတင်း ပြေးလာတဲ့အခါ အနားမှာရှိတဲ့ မိန်းမတယောက်ဟာ သူ့ရဲ့ သားငယ်ကို ဘုရားရှေ့မှာချပြီး ထွက်ပြေးသွားတယ်။ အဲဒီအခါ နာဠာဂိရိဆင်က အဲဒီမိန်းမဖက်ကို လှည့်ပြီး လိုက်ပြန်တယ်။ ဘုရားသခင်လဲ နာဠာဂိရိဆင်ကို မေတ္တာသုံကာ အင်မတန် သာယာတဲ့ အသံနဲ့ "ချစ်သား နာဠာဂိရိ - သင့်ကို အရက်တိုက်ပြီး လွှတ်လိုက်ဘာက အမိတို့ ချေးဘို့ဖျက်ပြီး တခြားလူတွေကို သတ်ဘို့မဟုတ်။ ငါဘုရားကို သတ်

တို့ဘဲ ဖြစ်တယ်။ အဲဒါကြောင့် ငါဘုရားထံ လာလေ့" လို့ ခေါ်တော် မူလိုက်ပါတယ်။

ဘုရားသခင်ရဲ့ ကြည်လင်တဲ့ အသံကို ကြားရတဲ့အခါ နာဠာဂီရိဆင်ဟာ ဘုရားသခင်ဖက်ကို လှည့်ကြည့်လိုက်ပါတယ်။ အဲဒီအခါ ဘုရားသခင်ရဲ့ ရောင်ခြည်တော် ခြောက်သွယ်နဲ့ အင်မတန် တင့်တယ်တဲ့ အသရေတော်ကြီးကို မြင်လိုက်ရတယ်။ အဲဒီလို မြင်လိုက်တာနဲ့ တပြိုင်နက် နာဠာဂီရိ ဆင်ကြီးဟာ အမူးပြေသွားပြီး ဘုရားသခင်ရဲ့ ခြေတော်ရင်းမှာ လာပြီး ဝပ်နေပါတယ်။

## ဒေဝဒတ်

နာဠာဂီရိဆင် အကြောင်းကို ပြောတဲ့အခါမှာ ဒေဝဒတ်ရဲ့ အကြောင်းကို ကျွန်တော် သတိရမိပါတယ်။ ဘုရားသခင် အကြောင်းကို ပြောသင် ဒေဝဒတ်မပါဘဲနဲ့ မပြီးနိုင်ပါဘူး။ ဒေဝဒတ်ဟာ ယသောဓရာရဲ့ မောင်အရင်း ဖြစ်ပါတယ်။ ဘုရားသခင်နဲ့လဲ ညီအစ်ကိုဝမ်းကွဲ တော်စပ်ပါတယ်။ အဲဒါကြောင့် ထင်ပေါ်စရာ ရှိယင် ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်တို့ထက် ပိုပြီး ထင်ပေါ်သင့်တယ်လို့ သူ့ကိုယ်သူ ယူဆတယ်။ အဲဒီလို ယူဆတဲ့အတိုင်း မထင်ပေါ်ရတဲ့အခါ သူ့ကိုယ်သူ ထင်ပေါ်လာအောင် ဗိမ္ဗိသာရ မင်းကြီးရဲ့ သား အဇာတသတ်နဲ့ ပေါင်းပါတယ်။ အဇာတသတ်က မြှောက်စားတဲ့အတွက် ထင်ပေါ်ကျော်ကြားလာတဲ့အခါ သူကိုယ်တိုင် ဘုရားလုပ်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာတယ်။

အဲဒီတော့ ဒေဝဒတ်ဟာ ဘုရားထံသို့ သွားပြီး၊ "အရှင်ဘုရား – အရှင်ဘုရားဟာ သက်တော်ကြီးပါပြီ။ အေးအေးနေတော်မူပါ။ သံဃာတော်များအား တပည့်တော်ကို အပ်နှင်းပါ" လို့ ပရိသတ်အလယ်မှာ တောင်းဆိုတယ်။ အဲဒီအခါ ဘုရားက "သာရိပုတ္တရာနဲ့ မဟာမောဂ္ဂ

လာန်တို့ကဲ့သို့ ရဟန္တာကြီးမျိုးကိုပင် ငါဟာ ရဟန်းများကို မအပ်နှင်းဘူး။မင်းကတော့ မကောင်းတဲ့ နည်းနဲ့ လာဘ်သပ်ပကာရအောင် ရှာဖွေ စားသောက်နေတဲ့လူ ဆိုတော့ ငါဘယ်နည်းနဲ့မှ မအပ်နိုင်ဘူး" လို့ ပြန်ပြီး ပြောလိုက်တယ်။ အဲဒီအခါမှာ ဒေဝဒတ်ဟာ ဘုရားအပေါ်မှာ အကြီးဆုံး ရန်ငြိုးဖွဲ့သွားတယ်။ အဲဒီလို ရန်ငြိုးဖွဲ့ပြီးတဲ့နောက် သူ့တပည့် အဇာတသတ်က ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီး ရှင်ဘုရင်လုပ်၊သူက ဘုရားကိုသတ်ပြီး ဘုရားလုပ်ဘို့ ဒေဝဒတ်နဲ့အဇာတသတ် ဆရာတပည့် နှစ်ယောက် တိုင်ပင်ပြီး သဘောတူကြတယ်။

ဗိမ္ဗိသာရ ဘုရင်ကြီးမှာမူကား အဇာတသတ်က သတ်တဲ့အတွက် သေရရှာတယ်။ ဘုရားကို သတ်ဘို့ ဒေဝဒတ် လွှတ်လိုက်တဲ့ လေးသမားတွေကတော့ ဘုရားရဲ့ တရားကို နာရပြီး သောတာပန်တွေ ဖြစ်သွားတယ်။ အဲဒီအခါ ဒေဝဒတ်က သူ့ကိုယ်တိုင် ဘုရားသခင်ကို ကျောက်ဘုံးနဲ့ လိမ့်သတ်ဘို့ ကြိုးစားပြန်တယ်။ အဲဒါလဲ မအောင်မြင်တော့ နာဠာဂိရိဆင်ကို အရက်တိုက်ပြီး ဘုရားကို အသတ်ခိုင်း ပြန်တယ်။

## ဒေဝဒတ်တောင်းသော အချက်ကြီး ၅ ချက်

အဲဒီအကြံလဲ မအောင်မြင်တော့ ဒေဝဒတ်ဟာ ဘုရားသခင်ထံသို့ သွားပြီး —

(၁) ရဟန်းများဟာ အသက်ထက်ဆုံး တောရ ဆောက်တည်ပါစေ။ မဆောက်တည်နိုင်ယင် အပြစ်သင့်ပါစေ။

(၂) ရဟန်းများဟာ အသက်ထက်ဆုံး ဆွမ်းခံ၍သာ စားပါစေ။ ဆွမ်းခံပြီး မစားယင် အပြစ်သင့်ပါစေ။

(၃) ရဟန်းများဟာ အသက်ထက်ဆုံး ပံသုကူ သင်္ကန်းကိုသာ ဝတ်ရုံပါစေ။ မဝတ်ရုံယင် အပြစ်သင့်ပါစေ။

(၄) ရဟန်းများဟာ အသက်ထက်ဆုံး သစ်ပင်ရင်းမှာသာနေပါစေ။ မနေနိုင်ယင် အပြစ်သင့်ပါစေ။

(၅) ရဟန်းများဟာ အသက်ထက်ဆုံး အမဲ သားငါးကို မစားပါစေနဲ့။ စားယင် အပြစ်သင့်ပါစေ ဆိုတဲ့ အချက်ကြီး ငါးချက်ကို ပညတ်ပေးဘို့ လျှောက်သွားတယ်။

ဒီ အချက်ကြီး ငါးချက်ဟာ အသွန်ကောင်းတဲ့ အချက်ကြီးတွေဖြစ်ပါတယ်။ အင်မတန် ကောင်းလွန်းတဲ့ အတွက်လဲ ဘုရားသခင်ဟာ ဒီအချက်ကြီးတွေကို မကြာခဏ ချီးကျူးခဲ့ပါတယ်။ ဒါပေမဲ့ ဒီအချက်ကြီး ငါးချက်ဟာ ကောင်းလွန်းတဲ့အတွက် ဘုရားသခင်ရဲ့ တပည့်တွေထဲက တချို့သာ လိုက်နာနိုင်ပြီး ရဟန်းအားလုံး ဘယ်နည်းနှင့်မျှ လိုက်နာနိုင်မှာ မဟုတ်ဘူး။ အဲဒီလို ရဟန်းအားလုံးဟာ ဘယ်နည်းနဲ့မှ မလိုက်နာနိုင်တဲ့အတွက် ဒီအချက်ကြီး ငါးချက်ကို ဘုရားသခင်ဟာ ဘယ်နည်းနဲ့မှ လက်ခံမှာ မဟုတ်ဘူး ဆိုတာကို ဒေဝဒတ်က ကောင်းကောင်း သိနေတယ်။ အဲဒီတော့ ဒီအချက်ကြီး ငါးချက်ကို ပညတ်ပေးဘို့ တောင်းဆိုခြင်းဟာ ဒေဝဒတ်ကိုယ်ဘိုင်က ၎င်းတို့ကို သဘောကျ၍ မဟုတ်။ ဘုရားကို အကြပ်ကိုင်လို၍သာ တောင်းဆိုခြင်း ဖြစ်တယ်။

ဘုရားသခင်က ဒီအချက်ကြီး ငါးချက်ကို ပညတ်မပေးနိုင်ဘူးလို့ အမိန့်ရှိလိုက်တဲ့အခါ ဒေဝဒတ်ဟာ ရဟန်းတွေကို ဂိုဏ်းခွဲပြီး ရဟန်းအချို့အား သူ့နောက်ကို ခေါ်သွားပါတယ်။

ဒေဝဒတ်နောက်ကို လိုက်ပါသွားတဲ့ ရဟန်းဘွေကို ပြန်ခေါ်ဘို့ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်ဟာ ဒေဝဒတ်နဲ့ ရဟန်းများရှိရာသို့ လိုက်သွားတဲ့အခါ ဒေဝဒတ်ရဲ့ တပည့်ဘွေဖြစ်ကြတဲ့ ကောကာလိကနဲ့ သမုဒ္ဒဒတ္တတို့ကရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်တို့ မလာကြစေနဲ့လို့ တားကြသေးတယ်။ ဒါပေမဲ့ ဒေဝဒတ်ကတော့ ရှင်

သာရိပုတ္တရာနဲ့ရှင်မဟာမောဂ္ဂလာန်ဟာ ဘုရားကိုစွန့်ပြီး သူ့ဖက်ကို ပါလာတယ်လို့ ယူဆတဲ့အတွက် ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်ကိုရဟန်းများအား တရားဟောဘို့ကိုပင် ခွင့်ပြုလိုက်သေးတယ်။ ဒေဝဒတ်ဖက်သို့ နားယောင်ပြီး ပါသွားတဲ့ ရဟန်းတွေဟာ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်ရဲ့ တရားကို နာရတဲ့အခါ ဒေဝဒတ်ကိုစွန့်ပြီး ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်နောက်ကို ပြန်ပါသွားကြတယ်။ အဲဒီအခါ ဒေဝဒတ်ရဲ့ တပည့်များဖြစ်တဲ့ ကောကာလိကဟာ ဒေါသထွက်ပြီး ဒေဝဒတ်ရဲ့ ရင်ဝကို ဒူးနဲ့တအား ဆောင့်တိုက်လိုက်ရာ ဒေဝဒတ်မှာ သွေးအန်ရရှာတယ်။

ဒီလို ဒူးနဲ့အတိုက်ခံရပြီး ကိုးလလောက် ကြာတဲ့အခါ ဒေဝဒတ်ဟာ အကြီးအကျယ် နောင်တရတဲ့အတွက် ဘုရားကို ဖူးလိုတယ်။ ဘုရားဆီသို့ သူ့ကို ပို့ပေးပါလို့ သူ့တပည့်တွေကို တိုက်တွန်းတယ်။ သူ့တပည့်တွေက ဘုရားနဲ့ တဘိုက်ရန်စိ ဖြစ်နေတဲ့အတွက် မပို့နိုင်ဘူးလို့ ငြင်းဆန်တဲ့အခါ ဒေဝဒတ်က "တပည့်တို့ – ဘုရားသခင်ကို ငါကသာ ရန်ငြိုးဖွဲ့နေတာ။ ဘုရားသခင်က ငါ့ကို ဆံခြည်တမျှင်စာမျှ ရန်ငြိုးဖွဲ့ခြင်း မရှိဘူး။ အဲဒီတော့ ဘုရားသခင်ထံကို ရောက်အောင်သာ ငါ့ကို ပို့ကြပါ" လို့ တပည့်တွေကို တိုက်တွန်းပြန်တယ်။

အဲဒီအခါ ဒေဝဒတ်ကို ထမ်းစင်မှာ တင်ပြီး တပည့်တွေက ဘုရားထံသို့ ပို့ကြတယ်။ အဲဒီလို ဒေဝဒတ် လာနေတဲ့အကြောင်းကို ရဟန်းများက ဘုရားသခင်အား လျှောက်ကြားတဲ့အခါ ဘုရားသခင်က "ရဟန်းတို့ – ငါဘုရားအား အချက်ကြီး ငါးချက်ကို တောင်းသူမှာ အဲဒီ တောင်းတဲ့နေ့ကစပြီး ငါဘုရားကို ဖူးမျှော်ဘို့ ကုသိုလ်ကံ မရှိတော့ဘူး" လို့ အမိန့်ရှိတယ်။ အဲဒီအခါ ရဟန်းတွေက "အရှင်ဘုရား – ဒေဝဒတ်ဟာ ကျောင်းဝိုင်းအဝကို ရောက်နေပါပြီ ဘုရား" လို့ ထပ်မံလျှောက်ထားကြပြန်တယ်။ ဘုရားသခင် ကလဲ "ငါဘုရားထံမှာ

အချက်ကြီး ငါးချက်ကို တောင်းဆိုတဲ့သူဟာ အဲဒီတောင်းဆိုတဲ့နေ့က စပြီး ငါ့ဘုရားကို ဖူးမျှော်နိုင်ဘို့ ကံမရှိတော့ဘူး”လို့ ထပ်မံအမိန့်ရှိပြန်တယ်။ ဒေဝဒတ်လဲ မြတ်စွာဘုရားကို မဖူးရခင် ဘုရားသခင် သီတင်းသုံးတော်မူတဲ့ ကျောင်းတော်သို့ လာတဲ့လမ်းမှာ ကံကုန်ရရှာတယ်။

## ပရိနိဗ္ဗာန်စံချိန်

ဘုရားသခင်ဟာ ၄၅ နှစ်လုံးလုံး လူနတ် ဗြဟ္မာ သတ္တဝါများစွာတို့ရဲ့ အကျိုးကို အစွမ်းကုန် ဆောင်ရွက်ပြီးနောက် သုံးလကြာတဲ့အခါ ပရိနိဗ္ဗာန် ပြုမယ်လို့ ဝေသာလီပြည် စာပါလစေတီအရပ်မှာ သီတင်းသုံးတော်မူစဉ် တပည့်သံဃာတော်များအား တပို့တွဲ လပြည့်နေ့မှာ မိန့်တော်မူပါတယ်။ ကဆုန်လပြည့်နေ့မှာ ဘုရားသခင်ဟာ ပရိနိဗ္ဗာန်ပြုရန် တပည့်သံဃာအပေါင်းနဲ့တကွ ကုသိနာရုံပြည်သို့ ရောက်ရှိလာပါတယ်။ အဲဒီအခါ ညီတော်အာနန္ဒာက “အရှင်ဘုရား–ကုသိနာရုံပြည်ဟာ သစ်ပင်ကြီးရဲ့ အကိုင်းအခက်လောက်နှင့်သာ တူပါတယ်။ အဲဒါကြောင့် အရှင်ဘုရားဟာ ဒီလို တိုင်းငယ်ပြည်ငယ်မှာ ပရိနိဗ္ဗာန် မစံပါနဲ့။ ပင်မကြီးနဲ့ တူတဲ့ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ စမ္ပာ အစရှိတဲ့ တိုင်းကြီး ပြည်ကြီးတွေမှာ ပရိနိဗ္ဗာန် ပြုတော်မူပါ”လို့ လျှောက်ထားတယ်။ အဲဒီအခါ ဘုရားသခင်က “ချစ်သား အာနန္ဒာ–ကုသိနာရုံကို အထင်မသေးနဲ့။ ဒီကုသိနာရုံပြည်ဟာ တခါတုန်းက ကုသဝတီ အမည်နဲ့ အလွန်ကြီးကျယ် စည်ကား ထင်ရှားခဲ့တဲ့ တိုင်းကြီး ပြည်ကြီး တခု ဖြစ်ခဲ့ဘူးတယ်”လို့ အစချီပြီး မဟာသုဒဿနသုတ်ကို တပည့် သံဃာများအား နေဝင်ချိန်လောက်မှာ ဟောကြားတော်မူပါတယ်။

ညဉ့်ဦးယာမ်အချိန်မှာ မလ္လာမင်းတွေကို တရားဟော ပြန်တယ်။ သန်ကောင်ယံမ် အချိန်ရောက်တဲ့အခါ သုဘဒ္ဒဆိုတဲ့ ပရိဗိုဇ်တဦးဟာ

မေးခွန်းမေးဘို့အတွက် ဘုရားသခင်ထံသို့ ရောက်လာတယ်။ အဲဒီ
အခါမှာ ညီတော်အာနန္ဒာက ဘုရားသခင် အလွန်ပင်ပန်းနေတဲ့အတွက်
ဘုရားသခင်ထံသို့ မသွားဘို့ရန် သုဘဒ္ဒပရိဗိုဇ်ကို တားမြစ်ပါတယ်။

အဲဒီလို တားမြစ်တာကို ဘုရားသခင် သိတော်မူတဲ့ အတွက်
"အာနန္ဒာ – သုဘဒ္ဒ ကို မတားမြစ်နဲ့။ ငါနဲ့တွေ့ရယင် သုဘဒ္ဒမှာ အကျိုး
ရှိလိမ့်မယ်။ လာပြီး တွေ့ပါစေ" လို့ ညီတော် အာနန္ဒာကို အမိန့်ရှိလိုက်
တယ်။ သုဘဒ္ဒပရိဗိုဇ်ဟာ ဘုရားနဲ့ တွေ့ပြီး တရားကို ကြားနာရတဲ့
အတွက် ဘုရားပရိနိဗ္ဗာန် မပြုမီပင် ရဟန္တာဖြစ်သွားပါတယ်။

သုဘဒ္ဒကို ချတ်ပြီးတဲ့နောက် မိုးသောက်ချိန် ရောက်လာသဖြင့်
တပည့်သံဃာ အပေါင်းတို့အား တရားဟောတော်မူ ပြန်ပါတယ်။
အဲဒီတရားရဲ့ အဆုံးမှာ နောက်ဆုံး ဆုံးမတော်မူတဲ့ အနေနဲ့ –

"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။"

"ရဟန်းတို့ – ယခုအချိန်၌ သင်တို့အား ငါဘုရား မှာကြားတော်မူ
ခဲ့မည်။ သင်္ခါရ တရားတို့သည် ပျက်စီးတတ်သော သဘာဝ
ရှိကုန်၏။ သင်တို့သည် မမေ့မလျော့ဘဲ ကောင်းသော သတိနှင့်
ပြည့်စုံကြကုန်လော့။"

လို့ အဆုံးသတ် ဟောကြားပြီး မြတ်စွာဘုရားဟာ ပရိနိဗ္ဗာန်စံဝင်
တော်မူသွားပါတယ်။ ။

| အမှတ် | | စာအုပ်အမည် | အဖိုး ကျပ် - ပြား |
|---|---|---|---|
| စ၊ | ၉ | မြန်မာနိုင်ငံသဘာဝအပိုင်းကြီးများ | ၁ - ၂၅ |
| စ၊ | ၁၀ | ဒို့အိမ်နီးချင်း | ၁ - ၂၅ |
| စ၊ | ၁၁ | အဆောက်အအုံပစ္စည်းမှတ်စု | ၁ - ၂၅ |
| စ၊ | ၁၇ | သိပ္ပံပြဿနာယူနစ်(၆) | ၁ - ၂၅ |
| စ၊ | ၁၉ | တတိယတန်း ဂဏန်းသင်္ချာသစ် | ၁ - ၂၅ |
| ဆ၊ | ၁ | ဒုတိယတန်းမြန်မာဖတ်စာ | ၁ - ၅၀ |
| ဆ၊ | ၂ | စကားပြေ + ကဗျာကောက်နုတ်ချက် | ၁ - ၅၀ |
| ဆ၊ | ၃ | တန်းမြင့်ကဗျာဖွဲ့နည်း | ၁ - ၅၀ |
| ဆ၊ | ၄ | အာဇာနည် | ၁ - ၅၀ |
| ဆ၊ | ၅ | မူလတန်း ပြည်သူ့နီတိ | ၁ - ၅၀ |
| ဆ၊ | ၆ | ပဉ္စမတန်း ဂဏန်းသင်္ချာသစ် | ၁ - ၅၀ |
| ဆ၊ | ၇ | ပဉ္စမတန်း အက္ခရာသင်္ချာ | ၁ - ၅၀ |
| ဆ၊ | ၈ | ပဉ္စမတန်း စိုက်ပျိုးရေးပညာ | ၁ - ၅၀ |
| ဆ၊ | ၉ | ဆဋ္ဌမတန်း စိုက်ပျိုးရေးပညာ | ၁ - ၅၀ |
| ဆ၊ | ၁၂ | သူရဲကောင်းပုံပြင် (ပ) | ၁ - ၅၀ |
| ဆ၊ | ၁၃ | ။ ။ (ဒု) | ၁ - ၅၀ |
| ဆ၊ | ၁၄ | အမျိုးသမီး ကာယပညာ သင်ပြနည်း | ၁ - ၅၀ |
| ဆ၊ | ၁၅ | အထွေထွေ သင်ပြနည်းများ | ၁ - ၅၀ |
| ဆ၊ | ၂၁ | ရွှေမော်ဓောဘုရားသမိုင်း | ၁ - ၅၀ |
| ဆ၊ | ၂၆ | ဆဋ္ဌမတန်းအက္ခရာသင်္ချာ | ၁ - ၅၀ |
| ဆ၊ | ၂၇ | ပြည်ထောင်စုသမိုင်း မှတ်တိုင် | ၁ - ၅၀ |
| ဆ၊ | ၂၈ | တတိယတန်းမြန်မာဖတ်စာ | ၁ - ၅၀ |
| ဆ၊ | ၂၉ | စတုတ္ထတန်း မြန်မာဖတ်စာ | ၁ - ၅၀ |
| ဆ၊ | ၃၀ | စတုတ္ထတန်း ဂဏန်းသင်္ချာသစ် | ၁ - ၅၀ |
| ဆ၊ | ၃၁ | တတိယတန်း အထွေထွေသိပ္ပံ (ဦးအဝိန်) | ၁ - ၅၀ |

# ပြည်တော်သာစာစဉ်

| အမှတ် | စာအုပ်အမည် | အဖိုး ကျပ် | ပြား |
|---|---|---|---|
| ၁ | ကမ္ဘာဦးလူ | - | ၅၀ |
| ၂ | ရှေးခေတ် အီဂျစ်နှင့် ဘေဘီလုံ ယဉ်ကျေးမှု | - | ၅၀ |
| ၃ | ရှေးခေတ် တရုပ်ယဉ်ကျေးမှု | - | ၅၀ |
| ၄ | ရှေးခေတ် အိန္ဒိယယဉ်ကျေးမှု | - | ၅၀ |
| ၅ | ရှေးခေတ် ဂရိယဉ်ကျေးမှု | - | ၅၀ |
| ၆ | ရှေးခေတ် ရောမယဉ်ကျေးမှု | - | ၅၀ |
| ၇ | ဥရောပ အလယ်ခေတ် | - | ၅၀ |
| ၈ | အာရပ်နှင့် မွန်ဂို | - | ၅၀ |
| ၉ | ဉာဏ်သစ် အရေးတော်ပုံ | - | ၅၀ |
| ၁၀ | သက်ဦးဆံပိုင် မင်းများခေတ် | - | ၅၀ |
| ၁၁ | ပါလီမန် အရေးတော်ပုံ | - | ၅၀ |
| ၁၂ | နယ်သစ်ရှာ အာဇာနည်များ | - | ၅၀ |
| ၁၃ | ဥရောပ ဆေးပညာရှင်များ | - | ၅၀ |
| ၁၄ | စက်မှု တီထွင်သူများ | - | ၅၀ |
| ၁၅ | ဗြိတိသျှ ပါလီမန် | - | ၅၀ |
| ၁၆ | စပါးရွှေဝါ | - | ၅၀ |
| ၁၇ | နိုင်ငံတော်အလံနှင့် နေ့ထူးများ | - | ၅၀ |
| ၁၈ | တို့ သဘာဝပစ္စည်း | - | ၅၀ |
| ၁၉ | ပြည်ထောင်စု ပါလီမန် | - | ၅၀ |
| ၂၀ | တို့တောင်သူလယ်သမားနှင့် အလုပ်သမား | - | ၅၀ |
| ၂၁ | တို့ပြည်ထောင်စုသမိုင်း | - | ၅၀ |
| ၂၂ | အမေရိကန်ပြည်ထောင်စု အရေးတော်ပုံ | - | ၅၀ |

| အမှတ် | စာအုပ်အမည် | အဖိုး ကျပ် - ပြား |
|---|---|---|


ယ၊ ၂ ကျန်းမာရေး ပညာ ........................ ၆ -
ယ၊ ၃ ကာလသား ရောဂါ ........................ ၆ -
လ၊ ၁ သားရေနယ်နည်း လက်စွဲ ........................ ၆ - ၅၀
လ၊ ၂ လူထုသိပ္ပံကျမ်း-အတွဲ- ၁ ........................ ၆ - ၅၀
လ၊ ၃ ၎င်း ၂ ........................ ၆ - ၅၀
လ၊ ၄ ၎င်း ၃ ........................ ၆ - ၅၀
လ၊ ၅ ၎င်း ၄ ........................ ၆ - ၅၀
လ၊ ၆ ၎င်း ၅ ........................ ၆ - ၅၀
လ၊ ၇ ၎င်း ၆ ........................ ၆ - ၅၀
ဝ၊ ၁ မြေတိုင်းပညာ အထောက်အပံ့ ........................ ၇ - ၂၅
ဝ၊ ၂ တိရစ္ဆာန်များ၏ ကူးစက်တတ်သော ရောဂါများ ........................ ၇ - ၂၅
သ၊ ၁ သစ်တောဌာန ညွှန်းချက်များ ........................ ၁၀ -
သ၊ ၂ သစ်တော အင်ဂျင်နီယာ ........................ ၁၀ -
သ၊ ၃ သစ်တောဌာန ညွှန်းချက်များ(နောက်ဆက်တွဲ) ........................ ၁၀ -
ဟ၊ ၁ အဆောက်အအုံ အင်ဂျင်နီယာ ........................ ၁၅ -

အ၊ ၁ မြန်မာ့စွယ်စုံကျမ်းအတွဲ(၁) ........................ ၂၅ -
အ၊ ၂ ၎င်း (၂) ........................ ၂၅ -
အ၊ ၃ ၎င်း (၃) ........................ ၂၅ -
ဣ၊ ၁ မြန်မာ့စွယ်စုံကျမ်း (၁)သားရေတဝက်ဖုံး ........................ ၃၀ -
အာ၊ ၂ ။ ။ (၂) ။ ........................ ၃၀ -
အာ၊ ၃ ။ ။ (၃) ။ ........................ ၃၀ -
ဤ၊ ၁ မြန်မာ့စွယ်စုံကျမ်း (၁)သားရေအပြည့်ဖုံး ........................ ၃၅ -
ဤ၊ ၂ ။ (၂) ။ ........................ ၃၅ -
ဤ၊ ၃ ။ (၃) ။ ........................ ၃၅ -

| အမှတ် | စာအုပ်အမည် | အဖိုး ကျပ် - ပြား |
|---|---|---|
| တ၊ ၆ | ရောဂါကုထုံး အခြေပြု (ပ) | ၂ - ၅၀ |
| တ၊ ၇ | မြန်မာ့စီးပွားရေး (ဒု) | ၂ - ၅၀ |
| တ၊ ၈ | ခြေလေးချောင်းတော်လှန်ရေး | ၂ - ၅၀ |
| တ၊ ၉ | နှစ်ငါးဆယ် စာစဉ် သိပ္ပံရေးရာ (စက္ကူဖုံး) | ၂ - ၅၀ |
| တ၊ ၁၀ | နှစ်ငါးဆယ်စာစဉ် သယ်ယူပို့ဆောင်ရေး (စက္ကူဖုံး) | ၂ - ၅၀ |
| တ၊ ၁၁ | နှစ်ငါးဆယ် စာစဉ် ကမ္ဘာ့ရေးရာ (ပ) (စက္ကူဖုံး) | ၂ - ၅၀ |
| တ၊ ၁၂ | ၎င်း (ဒု) ( ။ ) | ၂ - ၅၀ |
| တ၊ ၁၃ | နှစ်ငါးဆယ်စာစဉ် ယဉ်ကျေးမှုရေးရာ(ပ) (စက္ကူဖုံး) | ၂ - ၅၀ |
| တ၊ ၁၄ | ၎င်း (ဒု) (စက္ကူဖုံး) | ၂ - ၅၀ |
| တ၊ ၁၅ | နှစ်ငါးဆယ် စာစဉ် လူမှုရေးရာ (စက္ကူဖုံး) | ၂ - ၅၀ |
| တ၊ ၁၆ | နှစ်ငါးဆယ် စာစဉ် ကမ္ဘာ့ရေးရာ (တ) | ၂ - ၅၀ |
| ထ၊ ၁ | ကမ္ဘာ့ကျေးဇူးရှင်ကြီးများ (ပ) | ၂ - ၇၅ |
| ထ၊ ၂ | မိတ္တဗလ ဋီကာ (ဒု) | ၂ - ၇၅ |
| ဒ၊ ၄ | အမေရိကတိုက် သဘာဝ ပထဝီဝင် | ၃ - |
| ဒ၊ ၅ | မြေတိုင်းပညာ အထောက် အပံ့အတွက် ပုံများ | ၃ - |
| ဒ၊ ၆ | ဂန္ဓာလရာဇ် မှတ်တမ်း | ၃ - |
| ဒ၊ ၇ | ကမ္ဘာ တပတ် | ၃ - |
| ဓ၊ ၁ | အထက်တန်း ပြည်သူ့နီတိ | ၃ - ၂၅ |
| န၊ ၁ | အလယ်တန်း ဂဏန်းသင်္ချာသစ် | ၃ - ၅၀ |
| န၊ ၂ | အထက်တန်း ဂဏန်းသင်္ချာသစ် | ၃ - ၅၀ |
| န၊ ၃ | အထက်တန်း ဂျီဩမေတြီ | ၃ - ၅၀ |
| န၊ ၄ | အလယ်တန်း အက္ခရာသင်္ချာသစ် | ၃ - ၅၀ |
| န၊ ၅ | မြန်မာသဒ္ဒါ | ၃ - ၅၀ |
| န၊ ၆ | သင်ပြမှု အခြေခံ သဘောတရား | ၃ - ၅၀ |